# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ စနေနေ့။ Saturday, 16 March 2024 ၁၁၄၀၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာထွက်ကုန် မန်ကျည်းများ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းနေ

မန္တလေး မတ် ၁၅

အထက်အညာဒေသများမှ ယခုကာလတွင်ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် မြန်မာထွက်ကုန် မန်ကျည်းများ ပြည်တွင်း၊ ပြည်ပမှ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းအဝယ်များ သွက်လက်နေကြောင်း သိရသည်။

**အရောင်းအဝယ် ကောင်းမွန်လျက်ရှိ**

အဆိုပါ ပေါ်ဦးပေါ်ဖျားမန်ကျည်းများသည် ယခုအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိနေကြောင်း၊ ဝင်ရောက်လာသည့် မကျည်းများကို လက်ရှိအချိန်တွင် ဈေးကွက်အတွင်း၌ မန်ကျည်းအစေ့ပါ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ နှုန်းဖြင့်လည်းကောင်း၊ အစေ့လွတ်(မန်ကျည်းအသား) တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ပေါက်ဈေးများဖြင့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖





နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။

## ရွှေတိဂုံစေတီတော် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

ရွှေတိဂုံစေတီတော် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရင်ပြင်တော်မြောက်ဘက် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

**မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်စေရန် လှုံ့ဆော်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၀

**တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း / တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်**

စာမျက်နှာ » ၁၁




ကြေးမုံ

# အမျိုးသားရေးတာဝန်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်

ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံးတို့ကို ခြိမ်းခြောက်နေသော အန္တရာယ်အမျိုးမျိုးတို့တွင် မူးယစ်ဆေးဝါးအန္တရာယ်သည် ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။ မူးယစ်ဆေးဝါးအမျိုးမျိုးသည် ဘိန်းကိုအခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုမှ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများမှတစ်ဆင့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ ဒုစရိုက်မှုအမျိုးမျိုးမှသည် အကြမ်းဖက်တိုက်ခိုက်မှု စသည့်ဆိုးကျိုးများအထိ ဖြစ်နေသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိကြောင်း မြန်မာနိုင်ငံ၏ဖြစ်ရပ်များနှင့် နိုင်ငံတကာ၏အခြေအနေများက သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံ၏နယ်စပ်ဒေသအချို့တွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုများရှိခဲ့ခြင်းသည် လက်နက်ကိုင်သောင်းကျန်းသူများ သက်ဆိုးရှည်ခြင်းနှင့် အင်အားကြီးမားလာခြင်း၏ အကြောင်းတစ်ခုဖြစ်ခဲ့သည့် အထောက်အထားများရှိသည်။ ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ဆက်စပ်အဖွဲ့အစည်းများက ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၌ သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် တစိုက်မတ်မတ် လုပ်ကိုင်လျက်ရှိပြီး ယင်းအခြေအနေကို အခွင့်ကောင်းယူကာ ၎င်းတို့၏ ဝင်ငွေရလမ်းများဖြစ်ကြသည့် ဆက်ကြေးကောက်ခံခြင်း၊ တိုက်ခိုက်လုယက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် AA အဖွဲ့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုကို မကြာခဏ တွေ့မြင်ရမည်ဖြစ်သည်။ ၎င်းအဖွဲ့၏ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က ၂၀၁၇ ခုနှစ်က ပြုစုသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

မကြာသေးမီကပင် AA အဖွဲ့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ဖော်ထုတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပြည်မကိုဖြတ်ကျော်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်သည့်အဖွဲ့တွင် AA အဖွဲ့ ပါဝင်ပတ်သက်သည်ကို ရှစ်ကြိမ်ခန့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုမရှိသည်ကို အခွင့်ကောင်းယူ၍ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများနှင့် ဆက်စပ်ပတ်သက်သည့်ဖြစ်စဉ်များကို ဖော်ထုတ်ရရှိထားသည်။ အကြမ်းဖက်သောင်းကျန်းသူများ အင်အားတောင့်တင်းစေမည့် အထောက်အပံ့များတွင် မူးယစ်ဆေးဝါးသည် အဓိက အထောက်အပံ့တစ်ခုဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာ့နိုင်ငံများ တိုက်ဖျက်နေသည့်အချိန်တွင် မြန်မာနိုင်ငံမှ လက်နက်ကိုင်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများကို ကမ္ဘာက သိရှိလာအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများမှရရှိလာသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုကို ထိခိုက်ပျက်ပြားစေသည့်လုပ်ရပ်များ လုပ်ဆောင်နေမှုများအပြင် ပြည်တွင်း၌သာမက နိုင်ငံတကာသို့ပါ ပို့ဆောင်ဖြန့်ချိလျက်ရှိသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် သောင်းကျန်းသူအဖွဲ့များက အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ နည်းလမ်းမျိုးစုံဖြင့် ချိတ်ဆက်သယ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် နိုင်ငံတော်၏ လုံခြုံရေးအား ခြိမ်းခြောက်နေသည့်အခြေအနေများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးစစ်ဆင်ရေးများဖြင့် တိုက်ဖျက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲ တိုက်ဖျက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးအောင် အန္တရာယ်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်လက်တွဲပူးပေါင်းကာ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အရှိန်အဟုန်မြှင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဗန်းမော်ဆရာတော်၏ အထိမ်းအမှတ်ပြတိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲမှ တာဝန်ခံညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဗန်းမော်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဗန်းမော်ဆရာတော်ကြီး၏ အထိမ်းအမှတ်ပြတိုက်အဖြစ် ပြုလုပ်မည့် ဝိဇ္ဇာစရဏကျောင်းဆောင်တော်သို့သွားရောက်၍ ပြတိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြတိုက်တွင် ပြကွက်အလိုက် ခင်းကျင်းပြသမည့်လုပ်ငန်းများ၊ ပြသပစ္စည်းများအတွက် ဆေးအရောင်အသွေး၊ မီးအလင်းပေးမှု စီစဉ်ဆောင်ရွက်နေမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

နေပြည်တော် မတ် ၁၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Sun Shine ရေယာဉ်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် Transformer ၁၁ လုံး၊ လျှပ်စစ်သုံး ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများအပါအဝင် စုစုပေါင်း တန် ၁၅၆၁ ဒသမ ၄၀ တင်ဆောင်၍ ယမန်နေ့က စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅- ၃ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁၅၆ | ၁,၃၂၆,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁၀၂ | ၂၉၅,၈၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁ | ၇,၈၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၇၉ | ၁၁၈,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၂ | ၄,၉၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၅ | ၂၆,၂၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၃,၈၈၀ | ၆,၆၉၆,၉၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတို့ကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးကျော်မျိုးထွဋ်၊ ဖိတ်ကြားထားသူများ၊ ခေတ္တအမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ တစ်နှစ်ခန့်အလို ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် နိုင်ငံခြားရေးဌာန (Foreign Affairs Department) စတင်တည်ထောင်ခဲ့ခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန စတင်တည်ထောင်သော နေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် (၇၇) နှစ်မြောက် နှစ်ပတ်လည် အခါသမယသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သက်တမ်းသည် (၇၇) နှစ်ရှိပြီဟုဆိုသော်လည်း မြန်မာတို့၏ နိုင်ငံတကာဆက်ဆံရေးသမိုင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံဟုမပေါ်ပေါက်မီ ဘီစီ (၂) ရာစုကစတင်ပေါ်ပေါက်ခဲ့သော မြန်မာနိုင်ငံ၏ City States မြို့ပြနိုင်ငံငယ်လေးများသည် အိမ်နီးချင်းနိုင်ငံများသို့ သံတမန်များ စေလွှတ်ခဲ့ခြင်းများကို သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး မြို့ပြနိုင်ငံငယ်လေးများ၏ သမိုင်းတွင် လေ့လာတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအဖြစ် စုစည်းတည်ထောင်ခဲ့သည့် ပုဂံခေတ်မှစ၍ မြန်မာဘုရင်များ အုပ်ချုပ်ခဲ့သောခေတ်အဆက်ဆက်တွင်လည်း အခြားနိုင်ငံများနှင့် ရင်းနှီးသော မဟာမိတ်ဆက်ဆံရေးထူထောင်ခြင်း၊ ကြုံတွေ့ရသော စစ်ရေးပဋိပက္ခများကို ဖြေရှင်းရန် သံတမန်အဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းများရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ခေတ်သစ်သမိုင်းတွင်လည်း ဂုဏ်ယူရမည့် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးအောင်မြင်မှုများကို တွေ့ရှိရပါကြောင်း။

ယနေ့မျက်မှောက်ခေတ်ကမ္ဘာတွင် နိုင်ငံအများဆုံးကျင့်သုံးနေသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို ၁၉၅၄ ခုနှစ်တွင် အိန္ဒိယ၊ တရုတ်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက မူဝါဒစတင်ချမှတ်ခဲ့သည့်နိုင်ငံအဖြစ်လည်း အထူးဂုဏ်ယူရပါကြောင်း၊ ထိုမူဝါဒကိုအခြေခံပြီး ၁၉၅၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဘန်ဒေါင်းညီလာခံတွင် ဦးဆောင်ကျင်းပသော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပြီးလျှင် ကမ္ဘာ့အကြီးဆုံး နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (NAM) ကို စတင်ဖွဲ့စည်းတည်ထောင်သော Founding member လည်းဖြစ်ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံပေါင်း ၁၂၆ နိုင်ငံနှင့် သံတမန် အဆက်အသွယ်ထူထောင်ထားပြီး ပြည်ပနိုင်ငံများတွင် သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၅၁ ရုံးဖွင့်လှစ်ကာ နိုင်ငံ့ဝန်ထမ်းသံတမန်များ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇) နှစ်တာကာလတစ်လျှောက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် သားကောင်းတမန်များကိုလည်း အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပါကြောင်း၊ အောင်မြင်သော သံတမန်များဖြစ်ရန် ရှေ့အစဉ်အဆက်တာဝန်ထမ်းဆောင်ခဲ့ကြသော သံတမန်များ၏ ကောင်းမွန်သောအားသာချက်များကို လေ့လာသင်ယူသကဲ့သို့ သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သောအရည်အသွေး (Diplomatic Characteristic) များကို မြင့်မားအောင်ကြိုးစားကြရန်လိုကြောင်း။

သံတမန်တစ်ဦး၏ အရေးကြီးဆုံးသောအရည်အသွေးသည် သစ္စာရှိမှု Loyalty ဖြစ်ပါကြောင်း၊ သံတမန်များသည် နိုင်ငံကိုယ်စားပြုဆောင်ရွက်ရသူများဖြစ်သဖြင့် သစ္စာဖောက်ဖျက်ပါက နိုင်ငံနှင့် လူမျိုးအတွက် ကြီးမားသောနစ်နာဆုံးရှုံးမှုဖြစ်ရကြောင်း၊ သစ္စာဖောက်ဖျက်သော သံတမန်များအနေဖြင့်လည်း ဘဝကိုအေးချမ်းစွာဖြင့် ဂုဏ်သိက္ခာရှိရှိ ဖြတ်သန်းနိုင်မည့် အခွင့်အရေးဆုံးရှုံးလိမ့်မည်ဖြစ်ကြောင်း၊ သံတမန်များအနေဖြင့် Communication Skill၊ Language Skill၊ Negotiation Skill အရည်အသွေးများကို အစဉ်လေ့ကျင့်၍ လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ အရှည်ကိုမြော်မြင်စဉ်းစားချင့်ချိန်နိုင်သော Strategic Thinking၊ သတ္တိနှင့် ယုံကြည်မှု (Courage and Confidence) တို့ရှိရန်လည်း အရေးကြီးပါကြောင်း၊ သံတမန်များသည် ကြီးမားသောပြဿနာများကို အနည်းဆုံးအင်အားဖြင့် ရင်ဆိုင်ဖြေရှင်းကြရသူများဖြစ်သည့်အတွက် သတ္တိနှင့်ယုံကြည်မှုမရှိလျှင် ကျဆုံးသွားနိုင်ကြောင်း၊ သစ္စာမဲ့သူဖြစ်သွားနိုင်ကြောင်း၊ ဂုဏ်သိက္ခာမဲ့သူအဖြစ်သို့ ရောက်ရှိသွားနိုင်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အစဉ်အလာကောင်းများရှိသော မြန်မာသံတမန်လောကတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်း သံတမန်များအနေဖြင့် ဘိုးဘေးဘီဘင်များ စွမ်းဆောင်ခဲ့မှုကြောင့် တည်တံ့ခိုင်မြဲနေသော နိုင်ငံတော်ကြီးဆက်လက်တည်တံ့ ခိုင်မြဲရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် သစ္စာရှိရှိဖြင့် တာဝန်သိသိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း မှာကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ အမှာစကားပြောကြားစဉ်။

### ဆုများချီးမြှင့်

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနတွင်း အားကစားပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကို ဆုများချီးမြှင့်ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ဝန်ထမ်းများအတွက် အထူးဆုမဲ ၇၇ ဆု မဲဖောက်ခြင်းတို့ဖြင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆုရရှိသည့် ဝန်ထမ်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်၊ ခေတ္တအမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများနှင့် အတူတကွ ညစာသုံးဆောင်ခဲ့ကြပြီး ညစာသုံးဆောင်နေစဉ် ဝါသနာရှင်ဝန်ထမ်းများက ယိမ်းအကများ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Ms. Ella Pamfilova နှင့်တွေ့ဆုံ




**နေပြည်တော် မတ် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ရွေးကောက်ပွဲသို့ လေ့လာရန် မော်စကိုမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ရေးဗဟိုဌာန၌ ကျင်းပသည့် ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

### ဆွေးနွေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ Ms. Ella Pamfilova နှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့အကြား ချစ်ကြည်ရင်းနှီးစွာ ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အရ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၅

၂၀၂၃-၂၀၂၄ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ မှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကား ပြောကြားရာတွင် မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက် မြင့်မားလာစေရေး၊ အရှေ့တောင်အာရှနှင့် အာရှဒေသနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်လူငယ်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို မိမိတို့ဌာနအနေဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးနေကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့်လည်း အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြ စေလိုကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် ဘောလုံးအားကစား သမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်း မှာကြားရင်း ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ထူးချွန် ထက်မြက်သည့် လူငယ်သွေးသစ် ဘောလုံးသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မတ် ၁၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ မြန်မာထွက်ကုန်မှ

အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

" မန်ကျည်းဈေးကွက်ကို ပြောရရင် မကျည်းတစ်လှည့်၊ ဆီးတစ်လှည့်ဆိုတဲ့ မြန်မာဆိုရိုးအတိုင်း ဒီနှစ်မှာတော့ မန်ကျည်းဈေးကောင်းတဲ့နှစ်ပါပဲ။ ယခုနှစ် မန်ကျည်းရာသီမှာဆိုရင် မန်ကျည်းထွက်ရာ ဒေသတွေအားလုံးမှာ မန်ကျည်းအထွက်နှုန်းကလည်း ကောင်းကြပါတယ်။ မန်ကျည်းက ပြည်တွင်းစားသုံးမှုတင်မကဘဲ ပြည်ပနိုင်ငံတွေကလည်း ဝယ်ယူအသုံးပြုကြတဲ့အတွက် အခုလို ဈေးကွက်အတွင်းမှာ ဈေးကောင်းရပြီး အရောင်းသွက်နေတာပါ။ မန်ကျည်းက အိမ်တိုင်းမှာ မရှိမဖြစ် အသုံးပြုသလို ရှေးယခင်ကတည်းက ဆေးဖော်စပ်တဲ့နေရာမှာလည်း ထည့်သွင်းအသုံးပြုကြပါတယ်။ မန်ကျည်းက ဈေးနှုန်းထပ်တက်ဖို့ အလားအလာရှိနေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ မန်ကျည်းကို ပြည်ပပို့ကုန်အနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများကို နှစ်စဉ်တင်ပို့ရောင်းချနေရကြောင်း၊ မန်ကျည်းကို အညာဒေသများဖြစ်သည့် ပုပ္ပါး၊ ပခုက္ကူ၊ မြိုင်၊ ရမည်းသင်း၊ ရှမ်းပြည်၊ ဇီးပင်ကြီးနှင့် ပင်လယ်ဘူးမြို့များမှ အများဆုံးထွက်ရှိပြီး တပေါင်းလတွင် ပေါ်ဦးပေါ်ဖျားစတင်ထွက်ရှိကာ သင်္ကြန်ကာလအတွင်း၌ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ငွေဆောင်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ငွေဆောင် မတ် ၁၅

ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး ပျောက်ဆုံးနှင့် အသစ်ပြုလုပ်ခြင်း နှင့်အတူ ရုံးလက်ခံ e-ID စက် အတွင်းရှိ အိမ်ထောင်စုများတွင် နိုင်ငံသားစိစစ်ရေး ကတ်နံပါတ် အပေါက်များအား ပြန်လည်ဖြည့်သွင်းခြင်း၊ ကွန်ပျူတာဖြင့် e-ID စစ်ဆေးခြင်း၊ နိုင်ငံသားနံပါတ်ရှိ မရှိစစ်ဆေးခြင်း၊ အိမ်ထောင်စုရှိ မရှိစစ်ဆေးခြင်း လုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့




အမှတ်( ၂ ) ရပ်ကွက် အုပ်ချုပ်ရေးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ငွေဆောင်မြို့ လူဝင်မှုကြီးကြပ်ရေးမှူး ဦးသက်ခိုင်နှင့် ဝန်ထမ်းများက အမှတ်(၂) ရပ်ကွက်ရှိ ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပျက်စီး၊ ပျောက်ဆုံးခြင်း၊ အသစ်ပြုလုပ်ပေးခြင်း၊ ရုံးလက်ခံ e-ID စက်အတွင်းရှိ အိမ်ထောင်စုများတွင် နိုင်ငံသားစိစစ်ရေးကတ်နံပါတ်အပေါက်များအား ပြန်လည်ဖြည့်သွင်းခြင်း လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး ထိုသို့ဆောင်ရွက်ခြင်းကို မတ် ၁၅ ရက်မှစတင်ပြီး စက်တင်ဘာလအထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ ရေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# "ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် "Enhancing Integrity and Combatting Corruption" အလုပ်ရုံ ဆွေးနွေးပွဲကို အင်္ဂလိပ်ဘာသာစကားဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် Speaker များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြ သည်။

ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက "Enhancing Integrity and Combatting Corruption" အလုပ်ရုံဆွေးနွေးပွဲကို အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်း စေခြင်းဖြင့် ကော်မရှင်တွင် တာဝန် ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများအားလုံး လုပ်ငန်းစွမ်းဆောင် ရည်(Capacity Building)မြင့်မားလာ ခြင်း၊ ဝန်ထမ်းများ၏ စာဖတ်စွမ်းရည် မြင့်မားလာခြင်း၊ ပရိသတ်ရှေ့တွင် တင်ပြနိုင်မှုစွမ်းရည် (Presentation Skill) နှင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည် မြင့်မားလာခြင်း၊ ဖြောင့်မတ်တည်ကြည်မှု နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာဗဟုသုတများ ကြွယ်ဝ စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေ မည်ဖြစ်ကြောင်း။

ကော်မရှင်သည် နိုင်ငံတကာဖြင့် ထိတွေ့ဆက်ဆံရပြီး နိုင်ငံတကာ Convention နှင့် အဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက် ရသဖြင့် အင်္ဂလိပ်ဘာသာရပ်ကျွမ်းကျင်မှု သာမက အဂတိလိုက်စားမှုနှင့် သက်ဆိုင် သော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို ရရှိစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ များကို စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် လိုကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေး စနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ထွန်း ပေါ်ပေါက်လာစေရန်အတွက် အဂတိ လိုက်စားမှုကို လုံးဝလက်မခံသည့် လူ့အသိုက်အဝန်းတစ်ရပ် (Zero Tolerance) ဖြစ်ပေါ်လာစေရေးအတွက် ကော်မရှင်ရုံး ဝန်ထမ်းများအနေဖြင့် တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေး ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ကို ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ ကိုယ်တိုင် အရည်အချင်းပြည့်မီရေး အတွက် စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်မှုများပြုလုပ်ရန် လိုအပ် ကြောင်း တိုက်တွန်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Moderator အဖြစ် ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်း က ဆောင်ရွက်ပြီး ကော်မရှင်ရုံးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရတနာ ဝင်းက "Critical Analysis on Singapore's Zero Tolerance Policy" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စီမံရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ထွန်းအောင်က "Enhancing Preventive Measures for achieving Zero Tolerance Policy on Corruption" ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထက်ထက်အောင်က "Integrity Educatin for Youth" ခေါင်းစဉ် ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးတင်ပြသူများက ရှင်းနီးပွင့်လင်း စွာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

**❂ ရွှေတိဂုံစေတီတော်မှ**



ရွှေတိဂုံစေတီတော် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များသည် နံနက် ၈ နာရီတွင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့အား ရည်မှန်းပူဇော် သည့်အနေဖြင့် ဗုဒ္ဓရုပ်ပွားတော်များကို ရင်ပြင်တော် တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင် တွင် လှည့်လည်ပူဇော်ကြပြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည့် ရင်ပြင်တော်မြောက်ဘက် ချမ်းသာကြီး တန်ဆောင်းသို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကာလအတွင်း ကုသိုလ်အတူပြုရန် နတ်ဖြဟ္မာများကို ရွှေစေတီတော်ဥပါသကာတစ်ဦးက ပင့်ဖိတ်သည်။

ယင်းနောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သ.စ.အ ဓမ္မာစရိယ၊ ဝင့်သကာ ပါဠိပါရဂူ၊ စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မဂုရု၊ ဘဒ္ဒန္တနာရဒါ ဘိဝံသ(လှုရတနာဆရာတော်)ထံမှ ဧည့်ပရိသတ် တို့က နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့၏ အလှည့်ကျသဘာပတိ ဦးမျိုးအောင်ငွေးက ဗုဒ္ဓပူဇနိယအဖွင့်မင်္ဂလာစကား ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သော အားဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါ စရိယ၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂသာမိနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးမျိုးအောင်ငွေးတို့က ဆီမီးတန်ဆောင်ထွန်းညှိပူဇော်၍ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းလွှာကို ဥပါသကာတစ်ဦးက ရွတ်ဆိုပူဇော် ပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဗဟိုမဏ္ဍပ် အတွင်းရှိ ဧည့်ပရိသတ်များနှင့် အာရုံခံမုခ်ဦး လေးခု တွင် နေရာယူထားကြသော ပရိသတ်အမျိုးလေးပါး (သံဃာ၊ သီလရှင်၊ ဥပါသကာ၊ ဥပါသိကာမ)တို့က မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသဒေသနာတော်ကို တညီ တညွတ်တည်း ရွတ်ဖတ်ပူဇော်ကြကာ ဗဟိုမဏ္ဍပ် အတွင်းရှိရတနာဃရစံအိမ်တွင် အသင့်နေရာယူထား သည့် အလှည့်ကျပဋ္ဌာနဘာဏက သံဃာတော်မှ အသံမစဲဆက်လက်ပူဇော်သည်။ ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးများ၊ သံဃာတော်များ နှင့် သီလရှင်များအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်းနှင့် ရောင်တော်ပွင့်တန်ဆောင်းတို့၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ယနေ့မှစတင်၍ မတ် ၂၄ ရက်(တပေါင်းလပြည့်နေ့)အထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး သံဃာအပါး ၁၂၀ တို့က ၂၁၆ နာရီတိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလတ် – mna**

# အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအတွက် ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၅**

ပညာရေးဝန်ကြီးဌာန၊ ဆက်စပ် ဝန်ကြီးဌာနများ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ ပူးပေါင်း ဆောင်ရွက်မည့် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေး ၏ အခန်းကဏ္ဍတစ်ခုဖြစ်သည့် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းအတွက် ဗဟိုအဆင့် နည်းပြသင်တန်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရှိ ပညာရေးဝန်ကြီးဌာန ကျောင်း ပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ ကျောင်းပြင်ပ နှင့် တစ်သက်တာပညာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ အားကစား နှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူငယ် နှင့် သက်ကြီးပိုင်းအရွယ် စာမတတ် သူများကို သင်ကြားပေးမည့် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းအတွက် နေပြည်တော် တွင် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ဗဟိုအဆင့် နည်းပြသင်တန်း ဖွင့်လှစ်နိုင်ရန် ယနေ့အစည်း အဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ ဧပြီလဆန်းပိုင်းတွင် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီ အစဉ်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် နည်းပြသင်တန်း များ၊ ဆင့်ပွားဖွင့်လှစ်ပြီးနောက် စာရင်းကောက်ယူ ရရှိထားသည့် မြို့နယ်များတွင် စေတနာ လုပ်အားပေး နည်းပြ၊ ကြီးကြပ် များ၏ အင်အားဖြင့် စာသင်သား များကို စာတတ်မြောက်ရေး သင်ကြားပေးသွားရန် ဖြစ်ပါ ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယညွှန်ကြားရေး မှူးချုပ်(ပညာ) ဒေါက်တာ ဝင်းဖေ က စာတတ်မြောက်ရေးလုပ်ငန်း ဗဟိုအဆင့် နည်းပြသင်တန်း ဖွင့်လှစ်ရေး လုပ်ငန်းစီမံချက် (အကျဉ်းချုပ်)ကို ရှင်းလင်းတင်ပြ ပြီး အစည်းအဝေး တက်ရောက် လာကြသူများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ မြေပဲစိုက်ခင်း(ဗီယက်နမ်မျိုး) စံကွက်ရိတ်သိမ်း

**ဒိုက်ဦး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာမှ တောင်သူ ဦးထင်ကျော်၏ မြေပဲစိုက်ခင်း(ဗီယက်နမ်မျိုး) တစ်စပ်တည်း ၂၂ ဧက စိုက်ခင်းတွင် ယနေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှ ၁၂၂ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မြေပဲခူးဆွတ်ရာသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ ခရိုင်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင် များ၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



ကမ္ဘာ့ရေနေ့ ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး

တင်ထက်ထက်ဇော်

ကမ္ဘာတစ်ဝန်း နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို "ကမ္ဘာ့ရေနေ့- World Water Day" အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကြီးမှူး၍ ၁၉၉၃ ခုနှစ်တွင် စတင်သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်း ကျင်းပလာခဲ့ကြပါသည်။ ထိုသို့ ကျင်းပရခြင်း၏ရည်ရွယ်ချက်များမှာ ရေသယံဇာတထိန်းသိမ်းရန်၊ ရေအခက်မကြုံစေရန်၊ ရေကိုစနစ်တကျသုံးစွဲကြရန်၊ လုံခြုံဘေးကင်းသည့်ရေ၊ ကောင်းမွန်သည့်ရေနှင့် သန့်ရှင်းမှုစနစ်တို့ကို လက်လှမ်းမမီဘဲ ကျန်ရှိခဲ့သူများစွာအတွက် အကြောင်းရင်းများကို အလေးထားရှာဖွေဖြေရှင်းပေးကြရန်နှင့် ရေသယံဇာတ၏အရေးပါမှုကို ဂရုပြုမိလာကြစေရန် ဖြစ်သည်။




World Water Day နှင့် ပတ်သက်၍လည်း နှစ်စဉ်ဆောင်ပုဒ်တစ်ခုစီကို ပြဋ္ဌာန်းလျက်ရှိရာ ယခုနှစ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဆောင်ပုဒ်မှာ "Water for Peace" "ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး"ဟု အဓိပ္ပာယ်ဖော်ဆောင်သည်။ ဆိုလိုသည်မှာ ရေသည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်ကို အသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ပြီး ရေသယံဇာတမပြုန်းတီးရေးအတွက် အဓိကကျလှသော ရေ၏အခန်းကဏ္ဍကို မြှင့်တင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုခြင်းဖြစ်သည်။

**❛ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်းရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါသည်။ သို့သော် လူဦးရေတိုးပွားလာမှု၊ မြို့ပြဖွံ့ဖြိုးလာမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများက ရေလိုအပ်ချက်ကို ပိုမိုမြင့်မားလာစေသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များကို တဖြည်းဖြည်း ကုန်ခန်းလာစေသည်။ အထူးသဖြင့် မြို့ပြဒေသများ၌ မြေအောက်ရေကို အတိုင်းအဆမရှိ ထုတ်ယူနေမှုသည် အနာဂတ်အတွက် ကြီးမားသည့်အန္တရာယ်ဖြစ်ပေါ်စေနိုင် ❜**

ဖော်ပြပါ ကမ္ဘာ့ရေနေ့ မတိုင်ခင်မှာလည်း နှစ်စဉ် မတ်လ ၁၄ ရက်နေ့ကို "နိုင်ငံတကာ မြစ်ချောင်း၊ အင်းအိုင်များနေ့" ဟု သတ်မှတ်ကျင်းပကြပါသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့် သဘာဝရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲများကို ကျင်းပလေ့ရှိပါသည်။

## အရေးပါသော ရေသယံဇာတ

ရေတွင်အာဟာရနှင့်ကယ်လိုရီမပါသော်လည်း သန့်ရှင်းဘေးကင်းသောရေ (ရေချို) သည် လူနှင့် တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက် မရှိမဖြစ်အရေးပါသည့် လိုအပ်ချက်တစ်ရပ် ဖြစ်သည်။ ထို့အတူ ရေသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ထို့ကြောင့်ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ဆောင်ပုဒ်တွင် "ဘဝအတွက်ရေ"ဟု သတ်မှတ်ထားခြင်း ဖြစ်သည်။

ယနေ့အထိ ကမ္ဘာပေါ်တွင် စားရေရိက္ခာ မဖူလုံသောလူသားများရှိနေသလို သန့်ရှင်းသော သောက်သုံးရေမရသည့်နိုင်ငံနှင့် လူသားများ ရှိနေဆဲဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေကိုအခြေခံသောရောဂါများကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ပညာရှင်များက သုံးသပ်ထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်မှာ လူဦးရေသန်းပေါင်း ၃၅၀၀ ခန့် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြိုတင်ခန့်မှန်းထားသည်။

လက်ရှိတွင် ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်ဖြင့် အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၁၈ -၂၀၂၈ ခုနှစ်အထိကို ရေသယံဇာတဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထားပါသည်။

ရေချိုရှားပါးရခြင်း၏ အကြောင်းရင်းများတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာပြီး ကမ္ဘာကြီးပူနွေးလာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးလာခြင်း၊ ရှိရင်းစွဲရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမထားနိုင်ခြင်း၊ မြို့ပြများတွင် ရေဆိုးများစွန့်ပစ်မှု စနစ်တကျမပြုလုပ်ခြင်း၊ မိလ္လာစနစ်များ စနစ်မကျခြင်း၊ အမှိုက်များကို မဆင်မခြင်စွန့်ပစ်ခြင်း၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ရေချိုအရင်းအမြစ်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းတို့က အဓိကကျသည်။

ထို့ကြောင့် နှစ်စဉ် ရွာသွန်းသည့်မိုးရေကို သိုလှောင်ထိန်းသိမ်းခြင်း၊ မြေအောက်ရေစိမ့်ဝင်နိုင်ရေးအတွက် သစ်ပင်သစ်တောများ ပြုစုပျိုးထောင်ခြင်း၊ မြို့ပြများတွင် ရေစိမ့်ဝင်နိုင်မည့်ဧရိယာများနှင့် ရေကန်များ ဖန်တီးတည်ဆောက်ခြင်း၊ အမှိုက်၊ ရေဆိုးနှင့် မိလ္လာစွန့်ပစ်မှုများ စနစ်တကျတည်ထောင်ခြင်း စသည့်နည်းလမ်းများဖြင့် ရေသယံဇာတထိန်းသိမ်းရေး ဆောင်ရွက်မှုများဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်တုံ့ပြန်နိုင်ကြပေလိမ့်မည်။

## အဖိုးတန်ရေချိုကို ချွေတာဖို့လို

လူတစ်ဦး တစ်နေ့လျှင် ရေချိုရရှိမှု ၁၆၄ ကုဗပေအောက် လျော့နည်းနေပါက ရေချိုရှားပါးမှု ခံစားနေရခြင်းဖြစ်သည်ဟုဆိုရာ မြန်မာ့အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံက ၃၂၀ ကုဗပေ၊ အိန္ဒိယနိုင်ငံက ၁၅၆ ကုဗပေ ရရှိနေပြီး မြန်မာနိုင်ငံက ၁၀၃၂ ကုဗပေ ရရှိနေပါသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် စသည့်မြစ်ကြီးများနှင့် ရေချို မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့ ပေါများစွာရှိသည့်အတွက် ရေသယံဇာတကြွယ်ဝသည့်နိုင်ငံဟုဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ရေချိုထုတ်ယူရရှိနိုင်မှုမှာ ကမ္ဘာ့အဆင့် (၈) တွင် ရှိနေပြီး မြို့ပြတွင် နေထိုင်သူများက တစ်နေ့လျှင် ရေဂါလန် ၃၀ ခန့်နှင့် ကျေးလက်တွင် နေထိုင်သူများက တစ်နေ့လျှင် ရေ ၁၅ ဂါလန်ခန့် သုံးစွဲနေကြကြောင်း လေ့လာသူတို့က ဆိုပါသည်။

သို့သော် အဆိုပါ ရေချိုသယံဇာတများကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သကဲ့သို့ သိရှိနားလည်မှုနှင့် လက်တွေ့ထိန်းသိမ်းစောင့်ရှောက်မှုတို့ လွန်စွာနည်းပါးနေသည်။ ရွှေ၊ သတ္တု၊ ကျောက်မျက် စသည်တို့ တူးဖော်ထုတ်ယူမှုများ၊ ကျောက်စရစ်နှင့် သဲထုတ်ယူမှုများ စသည်တို့ကြောင့် မြစ်ချောင်းများ ရေစီးရေလာပိတ်ဆို့ပျက်စီးခြင်း၊ သောက်သုံးရေ မရရှိနိုင်တော့ခြင်း၊ မာကျူရီ၊ ဆိုင်ယာနိုက် အစရှိသည့် ဓာတုပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ စက်မှုဇုန်များမှ ရေဆိုးများ စွန့်ထုတ်ခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း စသည်တို့ကြောင့် မြစ်ချောင်းအင်းအိုင်ရေချိုသယံဇာတများ မဆုံးရှုံးစေရန် လူတစ်ဦးချင်း အသိပညာပေးမှုမှ စတင်ကာ မြို့ရွာများ၊ ဒေသများအလိုက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမှသာ ရေရှည်တွင် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် သောကရောက်ရမည့်ဘေးမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

ဥပမာပြရသော် ရန်ကုန်မြို့တော်သို့ ရေပေးဝေရာတွင် မြို့၏မြောက်ဘက်တွင် တည်ဆောက်ထားသည့် ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား၊ ငမိုးရိပ် စသည့် ရေလှောင်ကန်ကြီးများမှ ရေချိုကို နေ့စဉ် ဂါလန်ပေါင်း ၁၈၅ သန်းခန့်နှင့် ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးဒေသများတွင် တူးဖော်ထားသည့် မြို့တော်စည်ပင်ပိုင် အဝီစိတွင်းပေါင်း ၅၀၀ ကျော်တို့မှ ရေဂါလန်သန်း ၂၀ ခန့်တို့ကို ဖြန့်ဝေပေးနေခြင်း ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက မြို့တွင်းဖြန့်ဝေပေးနေသည့် ရေဂါလန် စုစုပေါင်း ၂၀၅ သန်းအနက် သန်း ၁၂၀ သာ သုံးစွဲသူထံရောက်ရှိပြီး ၈၅ သန်းမှာ ရေပိုက်များ ပျက်စီးခြင်းတို့ကြောင့် လေလွင့်ပျောက်ဆုံးသွားသည်ဟုဆိုသည်။ လက်ရှိ ရေဖြန့်ဝေနိုင်မှုသည် လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းခန့်သာရှိနေရာ ရန်ကုန်လူဦးရေအားလုံးအတွက် ရာခိုင်နှုန်းပြည့် ရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်မှာ ရေအလေအလွင့်မရှိရန်၊ စည်းကမ်းတကျသုံးစွဲရန်နှင့် အခွန်တာဝန်ကျေပွန်ကြရန် လွန်စွာအရေးကြီးပါသည်။

## ထိန်းသိမ်းသင့်သော မြေအောက်ရေ

မြေအောက်ရေဆိုသည်မှာ မြေမျက်နှာပြင်အောက် မြေလွှာရှိ သဲ၊ ကျောက်စရစ်အတွင်း၌သော်လည်းကောင်း၊ ကျောက်လွှာများကြားအတွင်း၌သော်လည်းကောင်း စိမ့်ဝင်ခိုအောင်းနေသောရေဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်းရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ စာမျက်နှာ ၇ သို့ ❐



ဂျိုးဖြူရေလှောင်ကန်မှ ရန်ကုန်မြို့အတွင်း ရေပေးဝေနေမှုကို တွေ့ရစဉ်။

# နေပြည်တော်“လမ်းလျှောက်သင်္ကြန်”တွင် K-POP အဆိုရှင်များနှင့် နာမည်ကြီးအနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေမည်



နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးသန်းထွန်းဦး ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ အတွင်း နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၅**

၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးမောင်မောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Brilliant Aura Co.,Ltd မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း ယခင်နှစ်ကကဲ့သို့ နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဖော်ဆောင်ရန်ဖြစ်ပါကြောင်း၊ နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကို ရိုးရာပွဲတော်တစ်ခုအဖြစ် ပြည်သူများ သာမက ဝန်ထမ်းများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများအားလုံး ပေါင်းစည်းပြီး ဝန်ထမ်းများအားလုံး စုပေါင်းပျော်ရွှင်သည့် သင်္ကြန်ပွဲတော်တစ်ခု ဖြစ်အောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ပေါင်းစပ်ညှိနှိုင်းကာ နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို အတတ်နိုင်ဆုံး စည်စည်ကားကား ဖြစ်အောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အထူးအစီအစဉ်အနေဖြင့် Boss and Jobs Company နှင့် ကိုရီးယားကုမ္ပဏီများ ပူးပေါင်း၍ လမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်တွင် ကိုရီးယားနိုင်ငံမှ K-POP အဆိုရှင်များနှင့် နာမည်ကြီး အနုပညာရှင်များ ပါဝင်သီဆိုကပြ ဖျော်ဖြေမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ထင်ပေါ်ကျော်ကြားသည့် အနုပညာရှင်များကိုလည်း နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားပါကြောင်း၊ ပြည်သူများ၊ ဝန်ထမ်းများ မြန်မာ့နှစ်သစ်ကူးကာလတွင် စိတ်ရွှင်လန်း တက်ကြွပျော်ရွှင်စေရန် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဝန်ထမ်းများ၊ ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရေး ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ထို့နောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးက မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ယခင်နှစ်မှစတင်၍ တိုင်းရင်းသားပြည်သူအားလုံး ပျော်ရွှင်စေရေး တီထွင်ဆန်းသစ်ပြီး နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်း ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ဖြစ်သည့်အတွက် ယဉ်ကျေးမှုနှင့်လျော်ညီစွာ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်ဆောင်ရွက်ခဲ့မှု၊ ယခုနှစ် ဆောင်ရွက်မည့် အစီအစဉ်၊ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု၊ ဖျော်ဖြေရေး အစီအစဉ်၊ ဝန်ထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာက တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်စသည့် ဇုန်လေးခု ထည့်သွင်းကျင်းပနိုင်ရေး အပါအဝင် နေပြည်တော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းလျှောက်သင်္ကြန်အတွက် ပေါင်းစပ်ညှိနှိုင်းရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်နေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က ဝန်ကြီးဌာနမဏ္ဍပ်များအား နေရာချထားရန် လျာထားချက်၊ ရေပေးဝေမှု၊ ရေရယူမှု၊ လျှပ်စစ်မီးဖြန့်ဖြူးမှု၊ လျှပ်စစ်မီးသွယ်တန်းမှု၊ ဝင်/ထွက်ခွင့်လက်မှတ် ဆောင်ရွက်ထားရှိမှု၊ မဏ္ဍပ်များ စတင်ဆောက်လုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေးအတွက် ရေရရှိရေး၊ ဖျော်ဖြေရေးဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အားလုံးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်များ လျာထားမှုနှင့်ပတ်သက်၍ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

---

❐ စာမျက်နှာ ၆ မှ

ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါသည်။ သို့သော် လူဦးရေတိုးပွားလာမှု၊ မြို့ပြဖွံ့ဖြိုးလာမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများက ရေလိုအပ်ချက်ကို ပိုမိုမြင့်မားလာစေသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များကို တဖြည်းဖြည်းကုန်ခန်းလာစေသည်။ အထူးသဖြင့် မြို့ပြဒေသများ၌ မြေအောက်ရေကို အတိုင်းအဆမရှိ ထုတ်ယူနေမှုသည် အနာဂတ်အတွက် ကြီးမားသည့် အန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ မြေအောက်ရေအရင်းအမြစ်များ လေ့လာသုံးစွဲမှုဗဟိုအဖွဲ့ (IGRAC)၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် နှစ်စဉ် မြေအောက်ရေပမာဏကို သောက်သုံးရေအတွက် ၆၈ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍအတွက် ကိုးရာခိုင်နှုန်းနှင့် စိုက်ပျိုးရေပေးသွင်းမှုအတွက် ၂၃ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။ လူဦးရေ ခုနှစ်သန်းနီးပါး နေထိုင်သော ရန်ကုန်မြို့နေပြည်သူအများစုသည် မြေအောက်ရေ သို့မဟုတ် အဝီစိတွင်းရေကိုသာ အသုံးပြုလျက်ရှိသဖြင့် မြေအောက်ရေကို အလွန်အကျွံသုံးစွဲခြင်းသည် ရေရှည်တွင် ရေအရင်းအမြစ်ဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။

ဥရောပ၊ အမေရိကနှင့် အာရှဒေသအချို့တွင် ဖြစ်ပေါ်နေသော ပြင်းထန်သည့်မိုးခေါင်မှုသည် တစ်စထက်တစ်စ ပိုမိုဆိုးရွားလာနေပါသည်။ တရုတ်နိုင်ငံ ယန်စီမြစ်၏ မြစ်လက်တက်သုံးခုတွင် မိုးခေါင်ရေရှားမှုကြောင့် စီချွမ်းပြည်နယ်ရှိ ယူနက်စကို ကမ္ဘာ့ရေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် လဲ့ဆန်းဗုဒ္ဓရုပ်ပွားတော်ကြီး၏ အောက်ခြေပိုင်း ပေါ်ထွက်လာခဲ့သည်အထိ ရေမျက်နှာပြင်နိမ့်ကျခဲ့သည်။ ဗြိတိန်နိုင်ငံတွင်လည်း မိုးခေါင်မှုကြောင့် သိမ်းစ်မြစ်၏ မြစ်ဖျားဒေသ၌ မြစ်ရေခန်းခြောက်မှုဖြစ်ပေါ်နေပါသည်။

အထက်ဖော်ပြပါ ဖြစ်စဉ်များ၏ အကြောင်းရင်းများမှာ ရာသီဥတုပြောင်းလဲမှု၏နောက်ဆက်တွဲဖြစ်သော မိုးခေါင်မှုမှတစ်ဆင့် ရေအရင်းအမြစ်များ ဆုံးရှုံးလာခြင်းကြောင့်ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးတွင် ကမ္ဘာ့လူဦးရေတိုးပွားနေခြင်း၊ လူမှုဘဝဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှုအားနည်းသောနိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက်သုံးစွဲမှု ပိုမိုများပြားလာခြင်း၊ ဖွံ့ဖြိုးမှုအတွက် စက်ရုံ၊ အလုပ်ရုံများမှ ရေကို ပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်းလျော့ပါးလျက်ရှိနေပါသည်။

ထို့ပြင် ကမ္ဘာ့နေရာအနှံ့တွင် ရေရယူရန် အပြိုင်အဆိုင်ကြိုးပမ်းမှုများကြောင့် အုပ်စုအချင်းချင်း၊ နိုင်ငံအချင်းချင်း တင်းမာမှုများ၊ ပဋိပက္ခများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာ၌ မိမိတို့နိုင်ငံရှိ ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့်စီမံခန့်ခွဲမှုမှာ အရေးကြီးသည့်ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ရေသုံးစွဲမှုကို ချွေတာ၍ အလေအလွင့်ဖြစ်မှုကို ထိန်းသိမ်းရန်အထူးလိုအပ်နေသည်။ သို့မှသာ အတိုင်းအဆမရှိထုတ်ယူနေသော မြေအောက်ရေသယံဇာတများကို အချိန်မီထိန်းသိမ်းနိုင်ကြမည် ဖြစ်ပေတော့သည်။

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် စားရေရိက္ခာရရှိနိုင်ခြေ နည်းပါးလာခြင်းတို့၏အရင်းခံမှာ ရေအရင်းအမြစ်ပင်ဖြစ်ပါသည်။ ထို့ပြင် မြေအောက်ရေ(အဝီစိရေ)များ အလွန်အကျွံထုတ်ယူအသုံးပြုမှုကလည်း သတိပြုရမည့်အချက်တစ်ချက်ဖြစ်ပါသည်။ မြေအောက်ရေကို အထိန်းအကွပ်မရှိ တူးဖော်သုံးစွဲမှုသည် မြေနိမ့်ကျခြင်း၊ ပင်လယ်နားနီးသည့်နေရာများ၌ ရေငန်ဝင်ရောက်ခြင်း၊ မြေအောက်ရေမျက်နှာပြင်ကျဆင်းခြင်း၊ ဆောက်လုပ်ပြီးသားအဆောက်အအုံများ ပျက်စီးခြင်း စသည့်ဆိုးကျိုးများစွာတို့ကိုလည်း မလွဲမသွေ အနေအမြန်ခံစားရသည်ဖြစ်ရာ ရေသယံဇာတကို လူတစ်ဦးချင်းစီက ချွေတာသုံးစွဲကြစေလိုပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

**ကိုးကား**

**- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ယမန်နှစ် ထုတ်ပြန်ထားသောမှတ်တမ်းများ။**

---

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ






နေပြည်တော် မတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ (၅၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ဘိုးဝဇီရ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ( ၅၂ ) နှစ်တာ ဖြတ်သန်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဗွီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် ပြည်သူလူထုကို သတင်းအချက်အလက်ပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန် ဆိုသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်မှ ဌာနခွဲတစ်ခုဖြစ်သည့် စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပြည်သူများ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာပေစကားဝိုင်းများ၊ စာပေဆွေးနွေးပွဲများ ကျင်းပခြင်းနှင့်အတူ အမျိုးသားစာပေတစ်သက်တာဆုများ၊ အမျိုးသားစာပေဆုများ ချီးမြှင့်ခြင်းလုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက စာပေဆုတစ်ခုဖြစ်သည့် ပခုက္ကူစာပေဆု ချီးမြှင့်ရာတွင်လည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားကြီးမားသည့် အထောက်အကူပြုမှုများပင် ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာစာပေအကျိုးကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးခဲ့ကြသည့်၊ ဖြည့်ဆည်းပေးနေကြသည့် စာပေပညာရှင်များကို ထိုက်တန်သည့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်နိုင်ရေးအတွက် စာပေပညာရှင်များ ပဏာမအဆင့် စိစစ်ရွေးချယ်ခြင်းလုပ်ငန်းကိုလည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်၏ တာဝန်ကြီးတစ်ရပ်ကို ဖြည့်ဆည်းပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပြည်တွင်းပြည်ပစာရေးဆရာ၊ သတင်းစာဆရာ အဖွဲ့အစည်းများ၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ စာပေထုတ်ဝေဖြန့်ချိရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာစာပေနှင့် စာပေလောကသားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်အနာဂတ်ကာလတွင် စာပေပညာရှင်များကို များစွာအကျိုးပြုမည့် "စာဆိုဗိမာန်" ကြီးတစ်ခုကို တည်ဆောက်ပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်တွင် ထားရှိဆောင်ရွက်သွားရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ငွေကျပ် ၂၁၉၃၀၀၀၀ တန်ဖိုးရှိ ဝတ်စုံများကို ညွှန်ကြားရေးမှူးချုပ်ထံ ထောက်ပံ့ပေးအပ်ပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက အခြားဝန်ကြီးဌာနများတွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းငါးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနအတွင်းနှင့် ဌာနတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်း လေးဦးကို လည်းကောင်း၊ ဌာနတွင်း ဖွင့်လှစ်ခဲ့သည့် ပုံနှိပ်ပညာသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းလေးဦးကို လည်းကောင်း၊ ဖိုတိုလစ် သို့ပုံနှိပ်စက်ရုံရှိ စက်ပြုပြင်ထိန်းသိမ်းမှု အဖွဲ့ (၁) အထူးဆုရရှိသော ဝန်ထမ်းများနှင့် ဂျီတီစီပုံနှိပ်စက်ရုံရှိ စက်ပြုပြင်ထိန်းသိမ်းမှု အဖွဲ့(၂) အထူးဆုရရှိသည့် ဝန်ထမ်းများကို လည်းကောင်း၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကတ်များအား အမှားအယွင်းကင်းစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဝန်ထမ်းသုံးဦးကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား စာပေဗိမာန်ရုံးမှ စာတည်းမှူး ဒေါ်ဇင်မာထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအား ဆုမဲများ ဖောက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့နယ် သရေခေတ္တရာရှေးဟောင်းဇုန် ပတ်လမ်း (နဂါးတွန့်တံခါးမှ ကျောင်းကုန်းကျေးရွာလမ်းပိုင်း) လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေးနှင့် လမ်းရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းကုန်းကျေးရွာ အပါအဝင် ကျေးရွာ ၂၀ ရှိ လူဦးရေ ၆၃၉၄ ဦး တို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အကျိုးပြုနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်မြို့နယ် တောင်လုံးညိုကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီ ရှင်းလင်းဆောင်၌ ကျေးရွာကော်မတီဝင်များ၊ ဒေသခံတောင်သူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကျေးရွာတောင်သူများအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိသည့် နေရာများတွင် မိုးသီးနှံအပြီး ဆောင်းသီးနှံ၊ ဆောင်းသီးနှံအပြီး နွေသီးနှံ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ပါက တစ်မိသားစုချင်း ဝင်ငွေများတိုးပွားလာမည်ဖြစ်သည့်အတွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ကျေးရွာတောင်သူများကလည်း ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားပြီး ကျေးရွာနေ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများမှ ထွက်ရှိသော ဒေသထွက်ကုန်များ ခင်းကျင်းပြသထားရှိမှု၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်နည်းပညာ (ရက်ကန်းဒီဇိုင်း) သင်တန်းဆင်းသူများ ရက်လုပ်ထားသော ရိုးရာအဝတ်အထည်များနှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းကျင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေရရှိရေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ရှိ အောင်သဇင် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၌ ဝါစိုက်တောင်သူများ၊ မြို့နယ် (၁၂) မြို့နယ်မှ သမဝါယမအသင်းသားတောင်သူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ယခုအခါ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလာခြင်း၊ လယ်ယာလုပ်သားများ ရှားပါးလာခြင်းတို့ကြောင့် လက်တွေ့ ထွန်ယက်စိုက်ပျိုးရေး ထွန်စက်များ၊ စိုက်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်လျက်ရှိကြောင်း၊ စက်မှုလယ်ယာ ထွန်ယက်သရုပ်ပြပွဲတွင် ထွန်စက်ကြီးများနှင့် ရိတ်သိမ်း ခြွေလှေ့စက်များကို ချိတ်ဆက်ရောင်းချပေးနိုင်ခဲ့ကြောင်း၊ သို့သော် တစ်ဦးချင်းအနေဖြင့် ဝယ်ယူရန် ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများကြောင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်နေသော JICA Two Step Loan နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများနှင့် သမဝါယမချေးငွေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကိုသီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာက JICA Two Step Loan ချေးငွေဖြင့် တောင်သူတစ်ဦးချင်း၊ သမဝါယမ အသင်းသား တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အသင်းအစုအဖွဲ့အနေဖြင့်လည်းကောင်း သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူပြီး ထွန်စက်များ၊ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများမှ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး၊ မျိုးစေ့များ၊ သွင်းအားစုများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးပြီး အသင်းသားတောင်သူများ လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာကုမ္ပဏီတို့ ပူးပေါင်း၍ အရစ်ကျရောင်းချပေးနိုင်ရေး၊ စက်ပစ္စည်းများ ရေရှည်ကိုင်တွယ်အသုံးပြုနိုင်ရေး လိုအပ်သော သင်တန်းများပေးရန်နှင့် After Sale Sale Service ပေးရန်လိုအပ်ကြောင်းနှင့် အပိုပစ္စည်းများ အလွယ်တကူရရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်စေရန် လှုံ့ဆော်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၁၅

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန်နှင့် ဈေးကစားမှုများ မဖြစ်စေရန်အတွက် သွင်းကုန်လုပ်ငန်းရှင်များ လိုအပ်သော နိုင်ငံခြားငွေများကို Online Trading Platform မှတစ်ဆင့်ရောင်းချပေးခြင်း၊ နိုင်ငံခြားသို့ ဆေးကုသခြင်း၊ ပညာတော်သင်သွားခြင်း၊ ဘုရားဖူးသွားခြင်း၊ အလုပ်အကိုင်ကိစ္စရပ်များဖြင့် ထွက်ခွာမည့်သူများအတွက် အသေးသုံးနိုင်ငံခြားငွေများကို ပုဂ္ဂလိကဘဏ်များ၏ ငွေလဲကောင်တာများတွင် ရောင်းချစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်လျက်ရှိသော Online Trading Platform တွင် ဘဏ်များနှင့် သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များအကြား အမေရိကန် တစ်ဒေါ်လာလျှင် ၃,၃၇၅ ကျပ် နှုန်းဖြင့်ရောင်းဝယ်နေသကဲ့သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးမှုဖြင့် ပုဂ္ဂလိကဘဏ် (၃) ဘဏ်တို့၏ အောက်ပါငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ အမေရိကန်ဒေါ်လာ ၅၀၀ အထိကို အမေရိကန်တစ်ဒေါ်လာလျှင် ၃,၁၀၀ ကျပ်နှုန်းဖြင့် အထူးအစီအစဉ်အရ ရောင်းချပေးလျက်ရှိပါသည်-

| ဘဏ်အမည် | ရန်ကုန် | မန္တလေး | နေပြည်တော် | တောင်ကြီး |
|---|---|---|---|---|
| KBZ | (၉)မိုင်ဘဏ်ခွဲ၊ဦးဝိစာရလမ်း (၂)ဘဏ်ခွဲ၊ ရန်ကုန်လေဆိပ် (ဆိုက်ရောက်) | IBD ဘဏ်ခွဲ၊ (၂၂)ဘဏ်ခွဲ၊ (၄)ဘဏ်ခွဲ | ဘဏ်ခွဲ(၅) | ဘဏ်ခွဲ(၁) |
| AYA Bank PCL | ရန်ကုန်လေဆိပ်၊ပါရမီဘဏ်ခွဲ၊ ကျောက်တံတားဘဏ်ခွဲ၊ အလုံဘဏ်ခွဲ၊ မရမ်းကုန်းဘဏ်ခွဲ | လမ်း(၃၀)ဘဏ်ခွဲ၊ (၂၂)ဘဏ်ခွဲ | နေပြည်တော်ဘဏ်ခွဲ | |
| UAB | စမ်းချောင်းဘဏ်ခွဲ၊ ရန်ကုန်လေဆိပ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ သိမ်ဖြူဘဏ်ခွဲ | (၈၄)လမ်းဘဏ်ခွဲ၊ ဆိုင်းတန်းဘဏ်ခွဲ၊ ဒိုင်းမွန်းဘဏ်ခွဲ | နေပြည်တော်ဘဏ်ခွဲ | |

၃။ ဤကဲ့သို့ ဆောင်ရွက်နေသည့် အခြေအနေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Official Website နှင့် AYA Bank ၊ KBZ Bank ၊ uab Bank တို့၏ လူမှုကွန်ရက်စာမျက်နှာများနှင့် Official Website များတွင် ဖော်ပြထားပြီးဖြစ်ပါသည်။


၄။ ယင်းသို့ နိုင်ငံခြားငွေများကိုရောင်းချပေးလျက်ရှိသော်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း ကမောက်ကမဖြစ်စေလိုသော မသမာသူအဖျက်သမားများက အောက်ပါလူမှုကွန်ရက်စာမျက်နှာများ၊ လူမှုကွန်ရက် Group များ၊ App များ၊ Website များမှတစ်ဆင့် မဟုတ်မမှန် လုပ်ကြံသတင်းများ ထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်စေရန် လှုံ့ဆော်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) Mr.Hamburger Channel (Viber)
(ခ) Myanmar Market Price (App & Facebook)
(ဂ) Htet Yan Money Exchange (Facebook)
(ဃ) Dollar Exchange Rate (Facebook)
(င) Daily Gold (Facebook)
(စ) Myanmar Future News (Facebook)
(ဆ) ရွှေဈေး၊ဒေါ်လာဈေး (Facebook)
(ဇ) GG-Money Exchange (Facebook)
(ဈ) ရဝေထွန်း- စိန်ရွှေရတနာဆိုင် (Facebook)
(ည) ရွှေဈေးနှုန်း၊ ငွေဈေးနှုန်း (Facebook)
(ဋ) Domestic Price Now
(ဌ) Shwedingar.com
(ဍ) Gold (Facebook)
(ဎ) Law Ka Media (Facebook)
(ဏ) Money Changer (Yangon) ငွေဈေး ဒေါ်လာဈေး (Facebook Group)

၅။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လူမှုကွန်ရက်စာမျက်နှာများ၊ လူမှုကွန်ရက် Group များ၊ App များ၊ Website များသည် မမှန်ဟုသိလျက်နှင့် သို့မဟုတ် မမှန်ဟု ယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်သတင်းဖြန့်ဝေခြင်း သို့မဟုတ် မမှန်သတင်းဖြန့်ရန် ကြံရွယ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က(ခ)အရ လည်းကောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၈(က)အရလည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ အရ သော်လည်းကောင်း တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၆။ မိဘပြည်သူများအနေဖြင့်လည်း နိုင်ငံခြားငွေ အမှန်တကယ်လိုအပ်ချက်များရှိပါက အထက်ဖော်ပြပါ အထူးအစီအစဉ်ဖြင့် နိုင်ငံခြားငွေရောင်းချပေးနေသော ငွေလဲကောင်တာများတွင် ဝယ်ယူကြပါရန်နှင့် မဟုတ်မမှန်သတင်းထုတ်လွှင့်ပြီး နိုင်ငံခြားငွေကြေးဈေးကစားသူများ၏ ပြောကြားချက်/ ထုတ်ပြန်ချက်များကိုမယုံကြည်ကြပါရန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ https://www.cbm.gov.mm/ ရှိ News & Announcements တွင် နေ့စဉ် Online Trading Rate ကို ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ဘဏ်များနှင့်တရားဝင်ငွေလဲကောင်တာများတွင်သာ နိုင်ငံခြားသုံးငွေများကို လဲလှယ်ရောင်းဝယ်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
















## တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း / တင်ပို့လုပ်ငန်းများနှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် ရန်ကုန်ဧရိယာ၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့တွင် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System) ကို အသုံးပြုလျက်ရှိပြီး ယခုအခါ တိုးချဲ့ဒေသအဖြစ် တာချီလိတ်နယ်စပ်ဒေသတွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစတင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ တာချီလိတ်နယ်စပ်ဒေသတွင် MACCS စနစ် အောင်မြင်စွာအသုံးပြုနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်သွယ်မှု ဆက်စပ်ဌာနများ၊ တာချီလိတ်နယ်စပ်ကုန်သည်ကြီးများအသင်း၊ တာချီလိတ်မြို့ရှိ ကုန်ပစ္စည်း တင်သွင်း/ တင်ပို့သည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ MACCS User များအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့ လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ်အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် တာချီလိတ်နယ်စပ်ဒေသနှင့် ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို (၂၂.၃.၂၀၂၄) ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်မှာကြား



**ရန်ကုန် မတ် ၁၅**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ၌ CMP အထည်ချုပ်လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ကြောင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုလျော့နည်းပပျောက်စေရေးအတွက် တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ အိတ်ချုပ်စက်ရုံ Myanmar GiGi Leather Goods Manufactory Co., Ltd နှင့် အင်းစိန်မြို့နယ်ရှိ Kaixi (Myanmar) Fashion Co., Ltd အထည်ချုပ်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး CMP လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းအများဆုံး ဖန်တီးပေးနိုင်ပြီး မြန်မာလုပ်သားထုနှင့် နိုင်ငံတော်အတွက် ရေတိုရေရှည်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းဖြစ်ခြင်းကြောင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် CMP လုပ်ငန်းများကို ဖွင့်လှစ်ခွင့်ပြုပြီး သက်ဆိုင်ရာဦးစီးဌာနများမှ စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) နှင့် အလုပ်ရှင်တို့သည် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါထိခိုက်ခံစားမှုလျော့နည်းကျဆင်းလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားတိုးတက်စေရေး များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့်လေ့ကျင့်ရေးကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာပါဝင်သော ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စိစစ်ခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီက လှိုင်မြို့နယ်ရှိ STI MYANMAR UNIVERSITY၊ ညနေ ၃ နာရီတွင် လမ်းမတော်မြို့နယ်ရှိ CHINDWIN TECHNOLOGICAL UNIVERSITY တို့သို့ သွားရောက်စစ်ဆေးကြသည်။

ရန်ကုန်တိုင်း ဒေသကြီး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း (တက္ကသိုလ်၊ ကောလိပ်၊ စင်တာ)၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပုဂ္ဂလိကကျောင်း ၈၄၂ ကျောင်းရှိပြီး ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းဆိုင်ရာ စစ်ဆေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

■

## Bakery Snack အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**တောင်ကြီး မတ် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော Bakery Snack အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၁၅ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်**
**(တောင်ကြီး)**




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၁၅**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**


**သက်ရှည်ကျန်းမာဖို့**
**စားသုံးဆီကို**
**တတ်နိုင်သမျှ လျှော့စားစို့**

# နေပြည်တော်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများနှင့် ကုန် သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အတွက် ယခုနှစ်ဆောင်ပုဒ်မှာ "မျှတအလေးမူတာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု" (Fair and Responsible AI for Consumers) ဖြစ်ပါကြောင်း၊ AI နည်းပညာကြောင့် စားသုံးသူနစ်နာမှုများ များပြားလာသည့်အတွက် နည်းပညာထုတ်လုပ်သူနှင့် အသုံးပြုသူများက လူ့အကျိုးပြု လုပ်ငန်းများတွင် အသုံးပြုတတ်လာစေရေး နှိုးဆော်ထားသည့် ဆောင်ပုဒ်ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ဆောင်ပုဒ်သည် ခေတ်သစ်စားသုံးသူ နစ်နာဆုံးရှုံးစေနိုင်သည့် Soft power အဖြစ် တည်ရှိလာသည့် AI နည်းပညာကို အကျိုးရှိစွာ အသုံးပြုပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ဖြစ်ပေါ်လာပုံနှင့် နေပြည်တော် စားသုံးသူရေးရာကော်မတီ၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်နိုင်မှုကိုလည်းကောင်း၊ စားသုံးသူ အခွင့်အရေး ကာကွယ်ဆောင်ရွက်မှုမှတ်တမ်း Video Clip နှင့် မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်းများနှင့် ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

ပဲခူး မတ် ၁၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက် ချီးမြှင့်ခဲ့သည်။

**ဓာတုဆိုးဆေးများအသုံးပြုထုတ်လုပ်လာ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့ကမ္ဘာကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတို့၏ နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲတိုးတက်လာပြီး အလွယ်တကူ အသင့်စား စားသောက်ကုန်ပစ္စည်းများကို တာရှည်ခံစေရန်၊ အနံ့အရသာပြည့်စုံစေရန် ဦးစားပေးကာ တရားမဝင်ဓာတုဆေးဝါးများ၊ ခွင့်မပြုသည့် ဓာတုဆိုးဆေးများ အသုံးပြုထုတ်လုပ်လာသဖြင့် စားသုံးသူ ပြည်သူများ အရွယ်မတိုင်မီ ရောဂါစွဲကပ်ခြင်းနှင့် နာတာရှည်ရောဂါများ ဖြစ်ပွားမှုတိုးတက်လာပြီး လူ့စွမ်းအားအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်လာကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တချို့၏ ဝိသမလောဘကြောင့် စားသုံးသူပြည်သူများဘေးအန္တရာယ်ဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် စားသုံးသူ ကာကွယ်ရေးဥပဒေများကို ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့သည် တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် video Click အား



ကြည့်ရှုခဲ့ကြသည်။ ယင်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး ပြခန်းအတွင်း ပြသထားသည့် စားသုံးသူအခွင့်အရေးဆိုင်ရာ အသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သပိတ်ကျင်းမြို့နယ် (အထက)ဝါးဖြူတောင် စာဖြေဌာနတွင် အာဟာရဒါန ထမင်းဘူးများ လှူဒါန်း

သပိတ်ကျင်း မတ် ၁၅

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် (အထက)ဝါးဖြူတောင် စာဖြေဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေကြသော ကျောင်းသား ကျောင်းသူများအား သပိတ်ကျင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဖြိုးဝေ မိသားစုက ယနေ့မွန်းတည့် ၁၂ နာရီတွင် အာဟာရဒါန နေ့လယ်စာထမင်းဘူးများ လာရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် အမှတ်(၁) သတ္တုဗေဒဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတပ်မှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းမင်းထွန်း၊ သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးစိုးမင်းသူ၊ ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်တို့ တက်ရောက်အားပေးခဲ့ကြပြီး စာဖြေသူ ကျောင်းသား ကျောင်းသူ ၁၅၁ ဦး၊ တက်ရောက်လာသော ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၂၆ ဦး၊ လုံခြုံရေးအဖွဲ့ဝင် ၃၃ ဦး၊ အခန်းစောင့်ဆရာ ဆရာမ ၄၀ စုစုပေါင်း ၂၅၀ တို့အား လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးရှိ စာစစ်ဌာန ၇၃ ခု၌ သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့တွင် ကျောင်းသား ကျောင်းသူ ၁၈၀၂၉ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆို



ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့တွင် ယနေ့နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်း ပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။

**ဖြေဆို**

တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်နေ့တွင် ကျောင်းသား ကျောင်းသူ ၁၈၀၅၆ ဦး၊ အင်္ဂလိပ်စာ ဘာသာရပ်နေ့တွင် ၁၈၀၄၅ ဦး၊ သင်္ချာဘာသာနေ့တွင် ၁၈၀၄၄ ဦး၊ ပထဝီဝင်နှင့် ဓာတုဗေဒ ဘာသာရပ်နေ့တွင် ကျောင်းသား ကျောင်းသူ ၁၈၀၃၄ ဦးနှင့် ယနေ့ သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့တွင် ၁၈၀၂၉ ဦး ဖြေဆိုခဲ့ကြသည်။

ယနေ့ ဘာသာရပ်နှစ်မျိုး ဖြေဆိုသောနေ့တွင် သမိုင်းဘာသာရပ်အား ကျောင်းသား ကျောင်းသူ ၁၀၂၉ ဦးဖြေဆိုခဲ့ပြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အထက်တန်းကျောင်း စာစစ်ဌာန၌ အမြင်အာရုံမသန်စွမ်းသူ သုံးဦးနှင့် အင်းစိန်အကျဉ်းဦးစီးရှိ အမှတ်(၁၃) အလယ်တန်းကျောင်း စာစစ်ဌာန၌ အကျဉ်းသား ခုနစ်ဦး သမိုင်းဘာသာရပ်ကို ဖြေဆိုခဲ့ကြသည်။ ရူပဗေဒဘာသာရပ်တွင် ကျောင်းသား ကျောင်းသူ ၁၇၀၀၀ ဖြေဆိုခဲ့ကြပြီး အမြင်အာရုံ မသန်စွမ်းသူ သုံးဦး၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ နှစ်ဦးနှင့် ကမာရွတ်မြို့နယ်၊ တာမွေမြို့နယ်၊ သာကေတမြို့နယ်နှင့် ခရမ်းမြို့နယ်တို့မှ လေးဦးတို့က ဆေးရုံများမှ ဖြေဆိုခဲ့ကြသည်။

**စိတ်အေးချမ်းပျော်ရွှင်စွာဖြေဆို**

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့ကို ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၈၀၂၉ ဦးတို့သည် ယနေ့တွင်လည်း ဘာသာရပ်များကို စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။ ၂၀၂၄ ခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲသည် Grade 12 သင်ရိုးသစ်စနစ်သစ်ဖြင့် ဖြေဆိုရခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာ ဘာသာရပ်များနှင့် မေးခွန်းပုံစံများကို သိရှိနားလည်စေရန် ဆရာ ဆရာမများအား သင်တန်းများ ပို့ချပေးခဲ့သည့် နည်းတူ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာစစ်ဌာနတို့မှ ထုတ်ဝေသည့် Grade 12 သင်ရိုးသစ်နှင့်ပတ်သက်သည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများကိုလည်း ကျောင်းများ၌ လေ့ကျင့်သင်ကြားပေးခဲ့ရာ နွေရာသီကျောင်း ပိတ်ရက်တွင်လည်း သင်ရိုးသစ် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ဆရာ ဆရာမများအား မွမ်းမံသင်တန်းများအဖြစ် လေ့ကျင့်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – မောင်သီဟ**

# ရုရှားသမ္မတရွေးကောက်ပွဲကို မတ် ၁၅ ရက်မှစ၍ သုံးရက်ကြာ ကျင်းပ



**မော်စကို မတ် ၁၅**

ရုရှားနိုင်ငံတစ်ဝန်း၌ သမ္မတရွေးကောက်ပွဲကိုမတ်၁၅ရက်မှစ၍သုံးရက်ကြာကျင်းပလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများသို့ ဆန္ဒမဲများ သွားရောက်ပေးလျက်ရှိသည်။

**ခန့်မှန်းပြောကြား**

လက်ရှိသမ္မတ ဗလာဒီမာပူတင်သည် ၎င်း၏ ပဉ္စမမြောက်ရာထူးသက်တမ်းကို အနိုင်ရရှိဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ခန့်မှန်းပြောကြားသည်။

ယူကရိန်းဒေသများဖြစ်သည့် ခရိုင်းမီးယား၊ ဒိုနတ်စ်၊ လူဟန်နက်စ်၊ ဇာပိုရီဇာ ဟီယာနှင့် ခါဆန်ဒေသများတွင်လည်း သမ္မတရွေးကောက်ပွဲကို ကျင်းပမည်ဟု မျှော်လင့်ရသည်။

ရွေးကောက်ပွဲတွင် သမ္မတပူတင်အပါအဝင် ရုရှားဖက်ဒရေးရှင်းကွန်မြူနစ်ပါတီမှ နီကိုလေခါရီတိုနို့ဗ်၊ ရုရှားလက်ယာစွန်းလစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ လီယိုနစ်စလွတ်စကီနှင့် နယူးပီးပဲလ်ပါတီမှ ဗလာဒီစလက်ဗ် ဒါဗန်ကို့ဗ်တို့သည် သမ္မတရာထူးနေရာအတွက် ယှဉ်ပြိုင်ရွေးကောက်ခံလျက်ရှိသည်။

သို့သော် ရုရှားလူထုသဘောထားသုတေသနစင်တာ၏ မကြာသေးမီက ပြုလုပ်သည့် စစ်တမ်းအရ သမ္မတပူတင်သည်ထောက်ခံမဲ ၈၂ ရာခိုင်နှုန်း ရရှိနိုင်ကြောင်း သိရသည်။

ထို့ပြင် သမ္မတပူတင်သည် မဲဆန္ဒရှင်များ၏ ထောက်ခံမဲ ၈၀ ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ပြောကြားသည်။

မတ် ၁၇ ရက်တွင် မဲရေတွက်မှုကို စတင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံ၏ မက်ဆီဟု တင်စားခံရသူ ဘောလုံးသမား လက်ထပ်ပွဲကျင်းပမည်




**ဟနွိုင်း မတ် ၁၅**

ဗီယက်နမ်နိုင်ငံ၏ ဘောလုံးကစားသမားများထဲတွင် ဗီယက်နမ်မက်ဆီဟု တင်စားခေါ်ဝေါ်သူ ဘောလုံးသမား ငုယင်ကွမ်ဟိုင်သည် ၎င်း၏ ချစ်သူ ချူသန်ဟူယန်နှင့် မတ် ၂၈ရက်တွင် လက်ထပ်မည်ဖြစ်ကြောင်း ယနေ့ ဗွီအင်န်အိတ်စ်ပရက်စ် သတင်းတစ်ရပ်အရသိရသည်။ ယင်း၏ လက်ထပ်ပွဲကို နှစ်ပွဲကျင်းပရာတွင် ပထမအခမ်းအနားကို ဟနွိုင်းမြို့ ဒေါင်ဒန်းခရိုင်ရှိ ကွမ်ဟိုင်၏ နေအိမ်အနီးဘောလုံးကွင်းတွင်မတ် ၂၈ရက်တွင် ကျင်းပမည်ဖြစ်ပြီးဒုတိယအခမ်းအနားကို ဟနွိုင်းမြို့လယ်နေရာ၌ ဧပြီ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ စေ့စပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပခဲ့သည်။

၎င်းသည် ဗီယက်နမ်နှင့်အင်ဒိုနီးရှားယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများကစားရန်အတွက် ပြင်ဆင်လေ့ကျင့်ရန် ဗီယက်နမ်အမျိုးသားဘောလုံးအသင်းသို့ ယမန်နေ့က ပြန်လည်ရောက်ရှိခဲ့သည်။

ကွမ်ဟိုင်သည် အသက် ၂၇ နှစ်အရွယ်တွင် ၂၀၁၉ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်း၊ ၂၀၁၈ ခုနှစ် အာဆီယံဘောလုံးအဖွဲ့ချုပ်ဖလားတွင် အောင်မြင်မှုများရရှိခဲ့ခြင်း အပါအဝင်ဘောလုံးအားကစားလောကတွင်အောင်မြင်မှုများရရှိခဲ့သည်။ ၎င်းက ယခုကဲ့သို့ လက်ထပ်လိုက်ခြင်းဖြင့် ပျော်ရွှင်မှုရှိကာ ဘောလုံးအားကစားဆိုင်ရာစွမ်းဆောင်ရည်တွင် တိုးတက်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား–ဗွီအင်န်အိတ်ပရက်စ်**

**ဘာသာပြန် – စိုးသူရ**




## ရုရှားနိုင်ငံက ပထမဆုံးအမြန်ရထားလမ်း စတင်တည်ဆောက်နေ

**မော်စကို မတ် ၁၅**

ရုရှားနိုင်ငံသည် မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့ကို ဆက်သွယ်ထားသည့် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ကျော် အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်မည့် ပထမဆုံး အမြန်ရထားလမ်းကို မတ် ၁၄ ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

လူဦးရေ သန်းပေါင်း ၃၀ ခန့် နေထိုင်လျက်ရှိသည့် နယ်မြေခြောက်ခု၏ ပိုင်နက်များကို အဆိုပါ ရထားလမ်းက ဖြတ်သန်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါလူဦးရေသည် ရုရှားနိုင်ငံလူဦးရေစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ရထားလမ်းတည်ဆောက်မှုစီမံကိန်း အုတ်မြစ်ချသည့် အခမ်းအနားတွင် ရုပ်သံမှတစ်ဆင့် ပြောကြားခဲ့သည်။

ယင်းအမြန်ရထားလမ်းသည် နိုင်ငံ၏ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဗိုက်တယ်လီဆာဗီယက်ဗ်၏ ပြောကြားချက်အရ အဆိုပါ အမြန်ရထားလမ်းပြီးစီးပါက မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့အကြား ရထားဖြင့် ခရီးသွားချိန်ကို ၄ နာရီမှ ၂ နာရီနှင့် ၁၅ မိနစ်သို့ လျှော့ချနိုင်မည်ဖြစ်ကြောင်းနှင့် လမ်းကြောင်းတစ်လျှောက်ရှိ အခြားမြို့များအကြား ခရီးသွားချိန်ကိုလည်း လျှော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်စကို–စိန့်ပီတာစဘတ် အမြန်ရထားလမ်းစီမံကိန်းကို ၂၀၂၈ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီး အမြန်ရထားလမ်းကြောင်းတစ်လျှောက် ဘူတာ ၁၄ ခု ဖွင့်လှစ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–အလင်းသစ်**

## ဘရူနိုင်းနိုင်ငံက ဂါဇာကမ်းမြောင်ဒေသသို့ စားသောက်ဖွယ်ရာအထုပ်များ လေကြောင်းမှ ပေးပို့

**ဘန်ဒါဆီရီဘီဂါဝန် မတ် ၁၅**

ဘရူနိုင်းနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသသို့ အသင့်စားသုံးနိုင်သည့် စားသောက်ဖွယ်ရာအထုပ် ၅၈၂၀ ကို လေကြောင်းမှ ပေးပို့နိုင်ရန် အမေရိကန်ဒေါ်လာ ၁ သန်းကျော် ခွဲဝေသုံးစွဲမည်ဖြစ်ကြောင်း ပီလီတာ ဘရူနိုင်းသတင်းဌာနက သတင်းဖော်ပြသည်။

ဂျော်ဒန်လေတပ်မှ လေယာဉ်ကို အသုံးပြု၍ ဂါဇာမြောက်ပိုင်းကမ်းရိုးတန်းဒေသသို့ ကနဦး ပို့ဆောင်မှုကို မတ် ၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ပီလီတာ ဘရူနိုင်းသတင်းဌာနက ပြောကြားသည်။

မတ် ၁၄ နှင့် ၁၅ ရက်တို့တွင်လည်း စားသောက်ဖွယ်ရာ ပို့ဆောင်မှုများကို ဂါဇာမြောက်ပိုင်း ကမ်းရိုးတန်းဒေသသို့ နောက်ထပ်ပို့ဆောင်ရန် စီစဉ်ထားသည်။

အဆိုပါ အစားအစာထောက်ပံ့မှုများကို ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းများအတွက် ဘရူနိုင်း၏ လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေအဖွဲ့မှ ရန်ပုံငွေများဖြင့် ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ အွန်လိုင်းလိမ်လည်ရေး လုပ်ငန်းများလုပ်ဆောင်နေသည့် အလုပ်သမားများကို ကယ်ဆယ်နိုင်ခဲ့

**မနီလာ မတ် ၁၅**

ဖိလစ်ပိုင်နိုင်ငံ တာလတ်ပြည်နယ် ဗန်ဗန်းမြို့၌ ရဲတပ်ဖွဲ့က အွန်လိုင်းလိမ်လည်မှုကျူးလွန်နေသည့် စင်တာတစ်ခုကို ဝင်ရောက်စီးနင်းပြီး တရားမဝင် အလုပ်စေခိုင်းခံနေရသည့် ပြည်ပအလုပ်သမားရာပေါင်းများစွာကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကိုကိုးကား၍ ဗွီအင်န်အိတ်ချ်ပရက်စ်က ယနေ့ ပြောကြားသည်။



၎င်းအွန်လိုင်းလိမ်လည်ရေး စင်တာမှ ထွက်ပြေးလွတ်မြောက်လာသည့် ဗီယက်နမ်နိုင်ငံသား၏ သတင်းပေးချက်အရ ယခုကဲ့သို့ ပြည်ပမှ အလုပ်သမားများအား ကယ်ဆယ်နိုင်ခဲ့သည်။

ဗန်ဗန်းမြို့ရှိ အကျယ်အဝန်း ၁၀ ဟက်တာ ရှိသည့် နေအိမ်တွင် ၎င်း အွန်လိုင်းလိမ်လည်ရေး လုပ်ငန်းကို တည်ထောင်ထားသည်။

ယင်းထွက်ပြေးလာသူ အလုပ်သမား၏ ပြောကြားချက်အရ ပြစ်မှုကျူးလွန်သည့် အွန်လိုင်းလိမ်လည်ရေးစင်တာသည် ပြည်ပမှ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်များကို တရားမဝင်သိမ်းဆည်းထားကာ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ရန် စေခိုင်းခဲ့ကြောင်း သိရသည်။

**ကိုးကား–ဗွီအင်န်အိတ်ချ်ပရက်စ်**

**ဘာသာပြန်– စိုးသူရ**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦးနှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦးရှိ

**နေပြည်တော် မတ် ၁၅**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦးနှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရူပဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၁ ခု နှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၄ ခု စာစစ်ဌာန စုစုပေါင်း ၈၃၅ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၂၅၈၇၀ ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦး၊ ပျက်ကွက် ၁၄၄၀၈ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ သမိုင်းဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန နှစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၀၇ ခု စာစစ်ဌာန စုစုပေါင်း ၇၀၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၀၆၅၁ ဦးရှိပြီး လာရောက် ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦး၊ ပျက်ကွက် ၃၄၄၄ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၃ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် – ရူပဗေဒ

ရက်စွဲ၊ ၁၅–၃–၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၅ | ၁၈၃၁ | ၂၉၄၆ | ၄၇၇၇ | ၁၇၃၆ | ၂၈၆၃ | ၄၅၉၉ | ၉၅ | ၈၃ | ၁၇၈ | ၉၆.၂၇% | ၃.၇၃% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၇၉၀ | ၁၃၅၃ | ၂၁၄၃ | ၇၀၆ | ၁၂၅၇ | ၁၉၆၃ | ၈၄ | ၉၆ | ၁၈၀ | ၉၁.၆၀% | ၈.၄၀% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၃၁၆ | ၄၀၈ | ၇၂၄ | ၉၅ | ၁၆၆ | ၂၆၁ | ၂၂၁ | ၂၄၂ | ၄၆၃ | ၃၆.၀၅% | ၆၃.၉၅% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၆ | ၁၇၁၇ | ၂၇၁၉ | ၄၄၃၆ | ၁၆၀၄ | ၂၅၅၈ | ၄၁၆၂ | ၁၁၃ | ၁၆၁ | ၂၇၄ | ၉၃.၈၂% | ၆.၁၈% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၁၄ | ၁၅၇၃ | ၂၄၈၇ | ၈၄၉ | ၁၅၁၀ | ၂၃၅၉ | ၆၅ | ၆၃ | ၁၂၈ | ၉၄.၈၅% | ၅.၁၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၂၉၄၆ | ၄၁၈၅ | ၇၁၃၁ | ၂၇၉၅ | ၄၀၁၁ | ၆၈၀၆ | ၁၅၁ | ၁၇၄ | ၃၂၅ | ၉၅.၄၄% | ၄.၅၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၂၇၁ | ၃၁၆၃ | ၅၄၃၄ | ၂၁၇၀ | ၃၀၈၃ | ၅၂၅၃ | ၁၀၁ | ၈၀ | ၁၈၁ | ၉၆.၆၇% | ၃.၃၃% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၃၅၈၂ | ၅၁၆၄ | ၈၇၄၆ | ၃၄၃၂ | ၅၀၄၈ | ၈၄၈၀ | ၁၅၀ | ၁၁၆ | ၂၆၆ | ၉၆.၉၆% | ၃.၀၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၇၉၅၁ | ၁၁၂၆၂ | ၁၉၂၁၃ | ၇၆၀၃ | ၁၀၈၈၇ | ၁၈၄၉၀ | ၃၄၈ | ၃၇၅ | ၇၂၃ | ၉၆.၂၄% | ၃.၇၆% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၀၆၅ | ၃၄၇၆ | ၅၅၄၁ | ၁၉၆၇ | ၃၃၇၀ | ၅၃၃၇ | ၉၈ | ၁၀၆ | ၂၀၄ | ၉၆.၃၂% | ၃.၆၈% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၇၃၄၄ | ၈၈၆၂ | ၁၆၂၀၆ | ၃၃၄၃ | ၃၈၀၃ | ၇၁၄၆ | ၄၀၀၁ | ၅၀၅၉ | ၉၀၆၀ | ၄၄.၀၉% | ၅၅.၉၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၂ | ၇၉၉၄ | ၉၇၇၈ | ၁၇၇၇၂ | ၇၆၀၀ | ၉၄၀၀ | ၁၇၀၀၀ | ၃၉၄ | ၃၇၈ | ၇၇၂ | ၉၅.၆၆% | ၄.၃၄% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၂၈၀၃ | ၄၇၀၂ | ၇၅၀၅ | ၂၆၈၀ | ၄၅၀၁ | ၇၁၈၁ | ၁၂၃ | ၂၀၁ | ၃၂၄ | ၉၅.၅၆% | ၄.၄၄% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၀၃၀ | ၁၆၀၇ | ၂၆၃၇ | ၇၄၆ | ၁၁၇၃ | ၁၉၁၉ | ၂၈၄ | ၄၃၄ | ၇၁၈ | ၇၂.၇၇% | ၂၇.၂၃% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၃၇၉ | ၆၀၉ | ၉၈၈ | ၃၅၈ | ၅၉၁ | ၉၄၉ | ၂၁ | ၁၈ | ၃၉ | ၉၆.၀၅% | ၃.၉၅% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၂၇ | ၄၉၃၅ | ၇၃၆၇ | ၁၂၃၀၂ | ၄၇၃၈ | ၇၁၈၇ | ၁၁၉၂၅ | ၁၉၇ | ၁၈၀ | ၃၇၇ | ၉၆.၉၄% | ၃.၀၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၃၂၄ | ၄၄၈၂ | ၇၈၀၆ | ၃၂၂၄ | ၄၃၉၇ | ၇၆၂၁ | ၁၀၀ | ၈၅ | ၁၈၅ | ၉၇.၆၃% | ၂.၃၇% | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၃ | ၉ | ၁၂ | ၃ | ၈ | ၁၁ | ၀ | ၁ | ၁ | ၉၁.၆၇% | ၈.၃၃% | |
| | စုစုပေါင်း | ၁၁၈ | ၂၉၃ | ၈၃၅ | ၅၂၂၀၅ | ၇၃၆၆၅ | ၁၂၅၈၇၀ | ၄၅၆၄၉ | ၆၅၈၁၃ | ၁၁၁၄၆၂ | ၆၅၅၆ | ၇၈၅၂ | ၁၄၄၀၈ | ၈၈.၅၅% | ၁၁.၄၅% | |

မှတ်ချက် – စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

### အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် – သမိုင်း

ရက်စွဲ၊ ၁၅–၃–၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၅၁၈ | ၇၁၂ | ၁၂၃၀ | ၄၈၀ | ၆၆၇ | ၁၁၄၇ | ၃၈ | ၄၅ | ၈၃ | ၉၃.၂၅% | ၆.၇၅% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၀ | ၁၀၂ | ၁၅၁ | ၂၅၃ | ၈၁ | ၁၃၆ | ၂၁၇ | ၂၁ | ၁၅ | ၃၆ | ၈၅.၇၇% | ၁၄.၂၃% | |
| ၄ | ချင်း | ၅ | ၆ | ၉ | ၄၁၄ | ၅၈၅ | ၉၉၉ | ၅၆ | ၈၄ | ၁၄၀ | ၃၅၈ | ၅၀၁ | ၈၅၉ | ၁၄.၀၁% | ၈၅.၉၉% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၃ | ၃၅ | ၆၇၂ | ၁၀၀၁ | ၁၆၇၃ | ၆၀၂ | ၉၀၃ | ၁၅၀၅ | ၇၀ | ၉၈ | ၁၆၈ | ၈၉.၉၆% | ၁၀.၀၄% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၁ | ၈၀ | ၆၈ | ၁၄၈ | ၇၃ | ၆၂ | ၁၃၅ | ၇ | ၆ | ၁၃ | ၉၁.၂၂% | ၈.၇၈% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၀ | ၁၃၇ | ၂၂၁ | ၃၅၈ | ၁၂၂ | ၁၉၈ | ၃၂၀ | ၁၅ | ၂၃ | ၃၈ | ၈၉.၃၉% | ၁၀.၆၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၃၁ | ၂၇၆ | ၂၈၀ | ၅၅၆ | ၂၅၄ | ၂၆၀ | ၅၁၄ | ၂၂ | ၂၀ | ၄၂ | ၉၂.၄၅% | ၇.၅၅% | |
| ၉ | မကွေး | ၇ | ၂၁ | ၃၄ | ၄၇၁ | ၆၀၄ | ၁၀၇၅ | ၄၂၀ | ၅၇၀ | ၉၉၀ | ၅၁ | ၃၄ | ၈၅ | ၉၂.၀၉% | ၇.၉၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၅၉ | ၄၄၅ | ၅၅၇ | ၁၀၀၂ | ၄၀၁ | ၅၀၆ | ၉၀၇ | ၄၄ | ၅၁ | ၉၅ | ၉၀.၅၂% | ၉.၄၈% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၉ | ၂၀၉ | ၂၆၅ | ၄၇၄ | ၁၈၂ | ၂၄၇ | ၄၂၉ | ၂၇ | ၁၈ | ၄၅ | ၉၀.၅၁% | ၉.၄၉% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၅၄ | ၁၀၅၆ | ၁၃၄၀ | ၂၃၉၆ | ၅၈၉ | ၇၈၆ | ၁၃၇၅ | ၄၆၇ | ၅၅၄ | ၁၀၂၁ | ၅၇.၃၉% | ၄၂.၆၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၂ | ၆၈ | ၆၁၅ | ၅၆၄ | ၁၁၇၉ | ၅၃၆ | ၄၉၃ | ၁၀၂၉ | ၇၉ | ၇၁ | ၁၅၀ | ၈၇.၂၈% | ၁၂.၇၂% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၁၄ | ၄၄ | ၂၉၃ | ၂၆၆ | ၅၅၉ | ၂၆၉ | ၂၄၈ | ၅၁၇ | ၂၄ | ၁၈ | ၄၂ | ၉၂.၄၉% | ၇.၅၁% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၃ | ၁၄ | ၉၄ | ၁၂၂ | ၂၁၆ | ၃၀ | ၃၀ | ၆၀ | ၆၄ | ၉၂ | ၁၅၆ | ၂၇.၇၈% | ၇၂.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၇ | ၇ | ၇၁ | ၄၅ | ၁၁၆ | ၆၂ | ၄၁ | ၁၀၃ | ၉ | ၄ | ၁၃ | ၈၈.၇၉% | ၁၁.၂၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၂၄ | ၃၃၃၆ | ၄၂၀၉ | ၇၅၄၅ | ၃၀၂၄ | ၃၉၈၃ | ၇၀၀၇ | ၃၁၂ | ၂၂၆ | ၅၃၈ | ၉၃.၀၀% | ၇.၀၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၂ | ၄၂၆ | ၄၄၄ | ၈၇၀ | ၃၈၇ | ၄၁၃ | ၈၀၀ | ၃၉ | ၃၁ | ၇၀ | ၉၁.၉၅% | ၈.၀၅% | |
| ၁၉ | နိုင်ငံခြား | | | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၁၅ | ၂၇၄ | ၇၀၉ | ၉၂၁၆ | ၁၁၄၃၅ | ၂၀၆၅၁ | ၇၅၆၉ | ၉၆၃၈ | ၁၇၂၀၇ | ၁၆၄၇ | ၁၇၉၇ | ၃၄၄၄ | ၈၃.၃၂% | ၁၆.၆၈% | |

မှတ်ချက် – စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ (ရူပဗေဒနှင့်သမိုင်းဘာသာ) ဖြေဆိုမှုမြင်ကွင်း


စဉ့်ကိုင်မြို့နယ်
ကျော်စွာ(စဉ့်ကိုင်)


မင်္ဂလာတောင်ညွန့်မြို့နယ်
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)


ထားဝယ်မြို့နယ်
ငွေဇင်ယော်(ထားဝယ်)


ထန်းတပင်မြို့နယ်
ဇင်မင်းထိုက်(ထန်းတပင်)


ကျိုက်ထိုမြို့နယ်
မြို့နယ်(ပြန်/ဆက်)


လားရှိုးမြို့နယ်
စိုင်းထွန်း(လားရှိုး)


သဲကုန်းမြို့နယ်
ကိုကျော်(ပြန်/ဆက်)


ဖားပုံးမြို့နယ်
ပအိုဝ်းဒေသ(ပြန်/ဆက်)



သနပ်ပင်မြို့နယ်
လှမိုး(ပြန်/ဆက်)

# နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**တောင်ကြီး မတ် ၁၅**

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရင်ဆိုင်ကြုံတွေ့နေရ**

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မြန်မာနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Fire Hotsport ဖြစ်ပေါ်မှု အရေအတွက် များပြားလာခြင်းကို ရင်ဆိုင်ကြုံတွေ့နေရပြီး ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ နှစ်စဉ်အလိုက်ဖြစ်ပေါ်သော Fire Hotspot များတွင် ရှမ်းပြည်နယ်၌ အများဆုံးတွေ့ရှိရပြီး တစ်နိုင်ငံလုံး၏ ၃၅ ဒသမ ၄၀ ရာခိုင်နှုန်းခန့် ရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း Fire Hotspot အရေအတွက် လျှော့ချနိုင်ရန်နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် ဒေသနေလူထုအနေဖြင့် ညွှန်ကြားချက်များမလိုက်နာပါက အရေးယူဆောင်ရွက်မည့် အစီအစဉ်များပါဝင်သော လုပ်ငန်းစီမံချက် (Action Plan)ပါ လုပ်ငန်းစဉ်များအား သက်ဆိုင်ရာဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုတို့ဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သင်ထောက်ကူပြုယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်(၂)ရှိ Kamcaine အထည်ချုပ်စက်ရုံနှင့် Newtop Lotus အထည်ချုပ်စက်ရုံများတွင် ဝန်ထမ်းများနှင့် အလုပ်သမားများအား အသိပညာပေးဆွေးနွေးသည်။

**အသိပညာပေး**

အသိပညာပေးဆွေးနွေးပွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လတ်နှင့် ဦးစီးအရာရှိများ ဦးဝင်းသူ၊ ဦးကြည်လင်းတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဉာဏ်ဟိန်း



လားရှိုးမြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းသစ်နှင့် တပ်ဖွဲ့ဝင်များသည် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက လားရှိုးတက္ကသိုလ်တွင် မီးဘေးလုံခြုံရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်စဉ်။ ခရိုင် (ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပဥ္စမအကြိမ် ထုတ်ချေး

**လယ်ဝေး မတ် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေကျင်ကျေးရွာရှိ ကျေးလက်နေပြည်သူများအား မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပဥ္စမအကြိမ် ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်က ရွှေကျင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ရွှေကျင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထံသို့ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၄ ဒသမ ၀၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေကျင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၇၆ ဦးတို့အား ပဥ္စမအကြိမ်မြောက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၀၅ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် အသင်းသား အသင်းသူများ၏ တစ်ဦးခြင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၀၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၀၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၁၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၁၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ

ချောင်းဆုံ မတ် ၁၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မတ် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း၊ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ဦးစွာ မွန်တိုင်းရင်းသူလေးများက မွန်ရိုးရာအကဖြင့် ဧည့်ခံဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူက လမ်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း ကတ္တရာလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်အား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း အရှည် နှစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၅၃ ဒသမ ၄၀၀ သန်းဖြင့် Nove-9 Engineering မှ တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လားရှိုးမြို့၌ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သည့် ကတ္တရာလမ်းများ ဖွင့်ပွဲပြုလုပ်

လားရှိုး မတ် ၁၅

လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့် နမ့်စံလမ်း၊ ၄၉ လမ်းနှင့် လမ်းသွယ် ၂၀ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လားရှိုးမြို့ အမှတ် (၅)ရပ်ကွက်ရှိ ၄၉ လမ်း ထိပ်တွင် ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်က ကိုယ့်အားကိုယ်ကိုး လမ်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လမ်းဖြစ်မြောက်ရေး ကော်မတီကိုယ်စား အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(လားရှိုး) ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ လမ်းအလှူရှင် ဦးကျောက်မင်ဆင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လမ်းတစ်လျှောက် ကြည့်ရှုခဲ့ကြသည်။

လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခင်းခဲ့သည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများဖြစ်သော နမ့်စံလမ်း၊ (၄၉)လမ်း၊ လမ်းသွယ် (၂၀)အပါအဝင် လမ်းပေါင်း ကိုးလမ်းခင်းရန်အတွက် စည်ပင်သာယာဌာနမှ ကတ္တရာ ၈၄ ဒသမ ၉၅ တန်နှင့် နည်းပညာများ၊ စက်ယန္တရားများ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

စိုင်းထွန်း(လားရှိုး)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




## သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

သာစည် မတ် ၁၅

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် မီးဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက် မွန်းလွဲပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်အုတ်ရေလှောင်ကန် များအား ရေဖြည့်တင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။



သာစည်မြို့ပေါ်ရှိ မီးသတ်အုတ်ရေလှောင်ကန်များ၏ အရွယ်အစားများနှင့် ရေသိုလှောင်နိုင်မှုပမာဏတို့ကို တိုင်းတာမှတ်တမ်းတင်ခြင်းများ၊ ရေဖြည့်ရန် လိုအပ်သည့် အုတ်ရေကန်များကို စစ်ဆေးခြင်းများနှင့် သဘာဝရေကန်များမှ ရေရရှိနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ရေလိုအပ်သည့် အုတ်ရေကန်များအား ရေဖြည့်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**☆ လီဗာပူးအသင်းမှ**

၅၅ မိနစ်တို့မှာ ဂတ်ပိုကနှစ်ဂိုးနဲ့ ၄၈ မိနစ်မှာ ဗိုဘော့စ်ဇလိုင်းကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ကာ စပါတာပရက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ၄၂ မိနစ်မှာ ဘာမန်စီဗစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ဇန်နဝါရီလနောက်ပိုင်း လီဗာပူးအသင်းနဲ့အတူ ပထမဆုံးသွင်းယူခဲ့တဲ့ သွင်းဂိုးလည်းဖြစ်လာခဲ့ပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိအချိန်မှာ ဖလားလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေတဲ့ အသင်းဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက အီးအက်ဖ်အယ်လ်ဖလားကို ရယူနိုင်ခဲ့ကာ ပရီမီယာလိဂ်တွင် အမှတ်ပေးဇယား အဆင့်(၂)၊ အက်ဖ်အေဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ် အသီးသီးတက်လှမ်းခွင့် ရရှိထားတာလည်း ဖြစ်ပါတယ်။

အခြားသော ယူရိုပါလိဂ်(၁၆)သင်း အဆင့်ပွဲစဉ်တွေမှာတော့ ဘင်ဖီကာအသင်းက ရိန်းဂျားစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုး၊ အေစီမီလန်အသင်းက ဆလာဗီယာပရက်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-သုံးဂိုး၊ မားဆေးလ်အသင်းက ဗီလာရီးယဲလ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-သုံးဂိုး၊ ဝက်စ်ဟမ်းအသင်းက ဖရိုင်းဘတ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုး၊ အတ္တလန္တာအသင်းက စပို့တင်းလစ္စဘွန်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုး၊ လေဗာကူဆင်အသင်းက ကာရာဘတ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုး၊ ရိုးမားအသင်းက ဘရိုက်တန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးစသဖြင့် အသီးသီးအနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၉) သင်တန်းဆင်း




ရန်ကုန် မတ် ၁၅

အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၂၁၉)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိက ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းသားစံပြဆုနှင့် သင်တန်းသူစံပြဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ် ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၁၉)သို့ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၉၇ဦး၊ စုစုပေါင်း ၁၈၅ဦး တက်ရောက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ In-House Learning ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားတစ်ဦး ဆေးကုသမှု လုံလောက်စွာမရရှိဘဲ သေဆုံးဟု မဟုတ်မမှန်လုပ်ကြံရေးသား

နေပြည်တော် မတ် ၁၅

ဒိုက်ဦးအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား ဦးခင်စိုးသည် အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာမရရှိဘဲ ဆီးချုပ်၊ ဝမ်းချုပ်ရောဂါဖြင့် သေဆုံးသွားကြောင်း RFA သတင်းဌာနက မတ် ၇ ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား ဦးခင်စိုးသည် အကြမ်းဖက်သမားများမှန်းသိလျက် သတင်းပေးပို့ရန် ပျက်ကွက်ခြင်းနှင့် အကြမ်းဖက်သမားအား စပါးထောက်ပံ့ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်း၊ ထိုအကျဉ်းသားသည် အကျဉ်းထောင်သို့ ရောက်သည့်အချိန်မှစ၍ အထွေထွေအားနည်းရောဂါနှင့် သွေးအားနည်းခြင်းရောဂါဖြင့် အကျဉ်းထောင်ဆေးရုံ၌ ၁၂ ကြိမ် ဆေးဝါးကုသမှု ခံယူခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က အကျဉ်းထောင်ဆေးရုံသို့ဆေးခန်းလာပြသဖြင့် ဆေးရုံအုပ်ကစစ်ဆေးရာသွေးအားနည်းရောဂါအပြင် အစာအိမ်ရောဂါလက္ခဏာခံစားနေရကြောင်း တွေ့ရ၍ အနီးကပ်ကုသရန် အကျဉ်းထောင်ဆေးရုံသို့ ပြောင်းရွှေ့ကုသစေခဲ့ကြောင်း၊ အကျဉ်းသား၏ ပြောဆိုချက်အရ အကျဉ်းထောင်သို့မရောက်မီ ပြင်ပတွင် နေထိုင်စဉ်က အစာအိမ်ရောဂါခံစားနေရသူဖြစ်ကြောင်း သိရှိရ၍ အကျဉ်းထောင်ဆေးရုံအုပ်က နေ့စဉ်ကျန်းမာရေး ကြည့်ရှုစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဒိုက်ဦးအကျဉ်းထောင် တာဝန်ရှိသူထံမှ သိရှိရသည်။

သို့သော် မတ် ၆ ရက်တွင် ရောဂါသက်သာလာခြင်းမရှိ၍ အကျဉ်းထောင်ဆေးရုံအုပ်က တာဝန်ခံအရာရှိအား သတင်းပို့၍ ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသရန် ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အကျဉ်းထောင်ဥပဒေအရ နေမကောင်းသူကို ဆေးကုသခွင့်ပေးရပြီး လိုအပ်ပါက ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးလျက်ရှိသည့်အတွက် RFA သတင်းဌာန၏ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

**လင်းလင်း**

# မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို မတ် ၁၄ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ သက္ကယ်ကျင်းကျေးရွာအနီးတစ်ဝိုက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားလျက်ရှိပြီး ဒေသခံပြည်သူများထံမှ ငွေကြေးတောင်းခံခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၄ ရက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ သက္ကယ်ကျင်း ကျေးရွာအနီး ဝန်းကျင်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီတဲ နှစ်လုံး၊ လက်လုပ်သေနတ် နှစ်လက်နှင့် ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ သက္ကယ်ကျင်းကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများက အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများကို တစ်ဖက်သတ်စွပ်စွဲရေးသားကာ လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ ကျောဖုံးမှ**

အရေးနိမ့်နေသည့် MIU အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၂၈ မိနစ်တွင် အမ်ပိုလ်က သွင်းယူခဲ့သည်။ ဖိုင်နယ်ပွဲ ပထမပွဲတွင် MIU အသင်းက ပင်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ရပြီး ဒုတိယပွဲနှင့် တတိယပွဲတွင် VUC အသင်းက နှစ်ဂိုး-တစ်ဂိုး ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

ဖိုင်နယ်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိသော ဖူဆယ်ချစ်သူအသင်းကို ဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု ရရှိသော MIU အသင်းမှ ညီညီသန့်ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသော VUC အသင်းမှ မျိုးမြင့်စိုးကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော Winner Soccer အသင်းကို ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆု ရရှိသော Generation အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ရရှိသော MIU အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပထမဆုရရှိသော VUC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၃-၂၀၂၄ စနေနေ့

### MRTV HD

- **၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ် ဓေဗျင်္ဂသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sports Info
- **၀၈:၃၅** ပုပ္ပါးတောင်အမျိုးသားဥယျာဉ်
- **၀၉:၂၅** (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
- **၁၁:၃၅** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- **၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **'အခမ်းနားဆုံးသစ်ပင်'** (အပိုင်း-၂)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိမ်မက်'** (အပိုင်း-၁၇)
- **၁၅:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ထင်မိယောင်မှား'**
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'မွန်မြတ်တဲ့စိတ်'**
- **၁၆:၄၅** ရွှပ်ယမ်းစုလင်အားဆိုယ်အစီအစဉ်
- **၁၇:၃၀** (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာစတာလာ'** (အပိုင်း-၄၂)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ရယ်ရွှင်ပျော်(ဟာသတစ်ခန်းရုပ်ပြဇာတ်) **'သာဒင်နှင့်ဂုဏဝင်'**
- **၂၁:၃၀** ဟိုးတုန်းက...ကက်ဆက်ဇာတ်လမ်းများ **'ပင့်မြိမ်းနှဲ့ညွှတ်ခန်း'**

### mitv

- **07:01** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- **07:10** Weekly Review
- **07:27** Clay Art On Canvas: Ricky Zachariah
- **07:44** Myanmar Family Life: Nature Connected to Happiness
- **08:01** News
- **08:27** Kayah Style
- **08:35** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
- **09:01** Quiz Time (Ep-61)
- **10:01** News
- **10:26** Children's Delight: Bad Habits
- **10:40** The Usefulness of Thread
- **11:02** Yangon Markets: Nyaung Pin Lay Market

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ထူးဆန်းမွှေရာရခိုင့်ဓလေ့ရှေးရိုးရာ (ငစွေအကြောင်း)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၃)

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
စားမြိန်ပွယ်ရာပျိုမေ့လက်ရာ

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၉)

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
နေပြည်တော်တိရစ္ဆာန်ဥယျာဉ်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ရုံးပတီသီးနှင့်ကျန်းမာရေး

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ဖားစည်မြေမှရိုးရာအလှ (အပိုင်း-၁)

**ချင်း(လိုင်စိုး) (၁၉:၀၀ မှ ၂၀:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ခနီညားရွယ်ဥ်မွန်တို့အသွင် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၁၅** Bird's Eye View
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီယိုနိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇)

### MRTV FARMERS' / HTV Channel

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၁၅** ဝင်ငွေသေချာရွှေနေကြာ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** ကိုယ်ချစ်မဝဝ မယ်မင်းကြီးမ (ဇာတ်လမ်း)
- **၁၉:၃၀** How Texas Farmers Use 127 Milion Acres Of Farmland- American Farming Documentary
- **၂၂:၀၀** Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၄၀** Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

ရောင်းမည်။ ။ လမ်းမတော်မြို့နယ်၊
ကျုံးကြီးလမ်းမပေါ် ( 30' x 60' ) RC
၂ထပ်ခွဲ လုံးချင်း ၊ ဂရမ်အမည်ပေါက်
Ph :09785188161,095133841

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊မြို့သစ်(၆)လမ်း၊ အမှတ် (၂၄၃/ခ)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာ(ခြေရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဇေယျာဝင်း[၁၂/လမန(နိုင်) ၁၃၅၅၅၂]၊ ဒေါ်ဇာနည်ဝင်း[၁၂/ကမတ(နိုင်)၀၆၈၁၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခန့်ကိုမော်[၇/ပခန(နိုင်)၂၃၅၉၂၃]၊ ဒေါ်ထက်ထက်မော်[၇/ပခန(နိုင်)၂၄၉၆၅၉] က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာ ရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဉာဏ်မင်းထက် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၅၂၁၂)**

**ဒေါ်ယုဇန်ကို(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)**

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/တောင်၊ မြေကွက်အမှတ်–၈၅၅/ခ၊ ဧရိယာ (၂၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ်–၈၅၅/ခ၊ သာလွှာဝတီ (၄) လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးဘိုကေ [၁၂/သကတ(နိုင်) ၀၆၆၅၆၅]၊ ဒေါ်တင်မြ [၁၂/သကတ(နိုင်)၀၆၇၄၀၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေ အား အမည်ပေါက် ဦးဘိုကေ [၁၂/သကတ(နိုင်)၀၆၆၅၆၅] နှင့် ဒေါ်တင်မြ [၁၂/သကတ(နိုင်)၀၆၇၄၀၁] တို့အား တရားပြိုင်ထားကာ ဒေါ်ခင်မိုးမိုး၊ မဖူးယမုံဝေ တို့မှ တရားလိုပြုလုပ်၍ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၄၂/၂၀၂၀ ဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ–၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက် ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၇–၈–၂၀၂၀) ရက်စွဲပါ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်–၃၆/၂၀၂၀ ဖြင့် ဘီလစ်ခန့်အပ် ကြောင်း အမိန့်ချမှတ်သည့် (၂–၉–၂၀၂၀) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံးမှ (၃–၁၂–၂၀၂၀) ရက်စွဲပါစာအမှတ်– ၇၈၄/ဇာရီ–၃၆/၂၀၂၀ ဖြင့် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုးမှ လက်မှတ်ရေးထိုးမည်ဖြစ်၍ လိုအပ်သောမြေပုံကူးယူခွင့်ပြုပါရန် ဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်) ၁၄၈၈၅၇] မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၂ဂျီ ၁၊ မြေကွက်အမှတ်–၄၄၉ အေ/၉ အေ ၂၊ ဧရိယာ ( ၀.၁၂၃ ) ကေ၊ မြေကွက်တည်နေရာအမှတ် (၁၃၄)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်စိန်စိန်ဝင်း [၁၂/ဗဟန(နိုင်)၀၀၈၅၇၈] အမည် ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည် ပေါက် ဒေါ်စိန်စိန်ဝင်းထံမှ အရောင်း အဝယ်စာချုပ်အမှတ်–၆၃၉/၂၀၁၂ (၂–၂–၂၀၁၂) ဖြင့် ဟီနာ(ခ)မခင်အေး လွင်၊ ဒေါက်တာအောင်မြင့်၊ ဦးနေမျိုး အောင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးနေမျိုးအောင်ထံမှ စွန့်လွှတ်ခြင်း စာချုပ် စာချုပ်အမှတ်–၂၀၉၄/၂၀၁၂ (၂၅–၅–၂၀၁၂)၊ ဧရိယာ အမှားပြင် စာချုပ်အမှတ်–၉၀၉၃/၂၀၂၃ (၁၆– ၁၀–၂၀၂၃) ဖြင့် ဒေါ်ဟီနာ (ခ) ဒေါ်ခင် အေးလွင်၊ ဒေါက်တာအောင်မြင့်တို့ ပိုင်ဆိုင်ခဲ့ပြီး ဒေါက်တာအောင်မြင့်ထံမှ ဧရိယာ (၀.၁၂၃) ကေအနက်မှ တရားဝင် မခွဲစိတ်ရသေးသော တောင်ဘက်ခြမ်း၊ ဧရိယာ ( ၀.၀၈၃ ) ကေအား စွန့်လွှတ် ခြင်းစာချုပ်အမှတ်–၇၂၈၃/၂၀၂၃ (၁၆–၁၀–၂၀၂၃) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဟီနာ(ခ)ဒေါ်ခင်အေးလွင် [၁၂/ကတတ (နိုင်)၀၂၆၂၃၀] မှ အမည်ပေါက်အရောင်း အဝယ်စာချုပ်အမှတ်–၁၇၇၀/၂၀၀၀ (၂၇–၇–၂၀၀၀) မိတ္တူမှန်၊ အမှားပြင် စာချုပ် အမှတ်–၂၈၅၆/၂၀၀၀ (၈–၁၁– ၂၀၀၀) မိတ္တူမှန်၊ အရောင်းအဝယ် စာချုပ်၊ စွန့်လွှတ်စာချုပ်များ၊ အမှား ပြင်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့ တင်ပြ၍ တစ်ဖက်သတ်မြေကွက် ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်း လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၂/၇) ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်–၁၇၁၊ အကျယ်အဝန်း (၁၅ x ၆၀) ပေ (ခြေရင်းခြမ်း) ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မိသားစုစီမံမှုသဘောတူကတိ စာချုပ်အရ လက်ရှိထားဆက်ခံခွင့်ရှိသူ ဦးမောင်သောင်း [၁၂/ရကန(နိုင်)၀၃၈၀၈၁] ကိုင်ဆောင်သူနှင့် ဒေါ်ခင်ငွေးမြင့် [၁၂/ လသယ(နိုင်)၀၀၃၂၁၈] ကိုင်ဆောင်သူတို့သည် မိမိတို့ဆက်ခံရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်ထွန်းမျိုး [၁၄/ပတန (နိုင်) ၁၄၉၈၃၇] ကိုင်ဆောင်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇင်မောင်မောင် (စဉ်–၁၃၀၁၁)** | **ဒေါ်ငြိမ်းဆုလှိုင် (စဉ်–၁၂၉၉၈)** | **ဦးကျော်မင်းထိုက် (စဉ်–၅၄၂၆၀)**

**တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေ**

**အမှတ်–၂၈၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်နှင့် ၁၃၆ လမ်းထောင့်၊ အမှတ်(၂၄–A) မြေညီထပ် အခန်း(C)အား ၃၀–၇– ၂၀၁၃ ရက်စွဲပါ အခန်းပျောက် အရောင်း/အဝယ်ကတိစာချုပ်ဖြင့် ဒေါ်ခင်စိုးဝင်း (L/RGN- ၀၃၂၅၅၈) ထံမှ ဦးအေးချို(ခ)ယာစိ(ဒ်)[၁၂/ပဘတ(နိုင်)၀၀၇၂၅၃] ကိုင်ဆောင်သူက ဝယ်ယူပိုင်ဆိုင်ခဲ့၍ ၃၁–၁–၂၀၂၄ ရက်စွဲဖြင့် မှတ်ပုံတင်အမှတ်–၇၁၀၄/၁/၂၀၂၄ ဖြင့် ဦးပိုင်စိုး[၁၂/တမန(နိုင်)၁၁၅၆၀၇] ကိုင်ဆောင်သူ တစ်ဦးတည်း ကိုသာ အထွေထွေကိုယ်စားလှယ်လွှဲစာ တရားဝင်လွှဲပေးထားခြင်းဖြစ်သည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ/ပေါင်နှံ/လွှဲပြောင်းခြင်း စသည့်စီမံခန့်ခွဲမှုများသည် တရားဝင်ဆောင်ရွက်ချက်မဟုတ်၍ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။

**ဦးပိုင်စိုး[၁၂/တမန(နိုင်)၁၁၅၆၀၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝေနွယ်ဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၄၆)**

**အမှတ် ၅၃၂၊ စေတနာလမ်း၊ ၁၅ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၅၈၅၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(FMI အိမ်ရာစီမံကိန်း)၊ ကန်သာယာ(၅)လမ်း၊ မြေကွက်အမှတ်(၁၀၅၈/F)ဟု ခေါ်တွင်သော အကျယ်အဝန်း(၈၀x၈၀) ပေရှိ ဒေါ်နန်းစောမြနန္ဒာဝေ[၁၃/လလန(နိုင်)၀၀၀၁၃၃]အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်နန်းစောမြနန္ဒာဝေ[၁၃/ လလန(နိုင်)၀၀၀၁၃၃]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက် အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မြင့်မြင့်သန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၆၆)**

**အမှတ်(A.3/A)၊ အရှေ့ပြည်သာရိပ်မွန်၊အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–09–454153474**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–(၈)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်–၁၁၃/ခ၊ အကျယ်အဝန်း(၂၀ x ၆၀) ပေရှိ ဦးတင် (TPN–၀၈၁၄၀၆) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်အေးအေးမာ[၁၂/ဒဂမ(နိုင်)၀၀၆၄၁၀]မှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ များမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်မေသကြီန်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၅၄၄)**

**အမှတ် – ၁၂၀/က၊ လက်ဝဲသုန္ဒရလမ်း၊ ၃၂ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း–၀၉ –၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကတ–၁)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၃၈၀/က)၊ စိန်ပန်းမြိုင်လမ်း၊ မြေဧရိယာပေ (၂၀x၆၀)ရှိ ဦးမျိုးသန်း ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသန်း [၁၂/လသယ(နိုင်)၀၁၇၂၉၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောထွန်းလှိုင် [၅/မရန(နိုင်)၀၀၃၆၃၂] က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၅၈)**

**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊**

**အောင်မြေသာယာ ShopHouse၊ (၆)ရပ်ကွက်၊ လှိုင်သာယာ။**

**ဖုန်း–၀၉–၅၄၁၄၅၃၄၊ ၀၉–၄၂၁၀၄၃၁၀၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အမှတ်(ဆဆ–အေ၀) ဦးပိုင်အမှတ်–၁၇၊ အကျယ်အဝန်း(၄၀x၆၀)ပေနှင့် ဦးပိုင် အမှတ်–၁၈၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်(၂)ကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တရားဝင် ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှဝင်း[၉/မရတ (နိုင်)၁၁၃၉၂၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဖြိုးသက်ဦး (LL.B) (စဉ်–၁၈၅၀၃)**

**ဒေါ်နှင်းယုဝေအေး (LL.B, LL.M, D.I.L) (စဉ်–၁၈၂၃၇)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၃၃/၄၉)၊ အခန်းအမှတ်(၃၇)၊ ပထမထပ်၊ Strand Condo၊**

**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၇၉၉၀၈၂၁၁၅၊ ၀၉–၄၀၀၀၀၆၁၉၉**

### အများသိစေရန် ကြေညာချက်

၁။ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ မြေကွက်အမှတ်(၉၆၃)တွင် (၁)ခန်းတည်း(၆)ထပ်တိုက်(Pitch Roof)အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်အိအိခိုင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးရဲမင်းသော်(RSE-Construction-3863)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၂၃–၉–၂၀၂၁ ရက်စွဲပါစာအမှတ်၊ BP1-1515-BP3-0091 ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါ (၂)ခန်းတွဲ (၆)ထပ်တိုက် (Pitch Roof) အဖြစ် ပြောင်းလဲ ဆောင်ရွက်လိုပါသဖြင့် မူလခွင့်ပြုထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက် (Pitch Roof) ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်နှင့် မှတ်ပုံတင် လက်မှတ်ရအင်ဂျင်နီယာ(RSE)တို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သန်လျင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–သီလဝါစက်မှုဇုန်၊မြေကွက်အမှတ် ၉၊ဧရိယာ(၁.၈၆၄)ကေ၊မြေကွက်တည်နေရာအမှတ်(၉)၊ယောအတွင်းဝန်ဦး ဖိုးလှိုင်လမ်း၊သန်လျင်မြို့နယ်၊မြန်မာနော်လီကုမ္ပဏီလီမိတက်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ကုမ္ပဏီမှလွှဲအပ်တာဝန်ပေးခံရသူဆိုသော ဦးအုံးထွေး(၁၂/ဥကတ(နိုင်)၁၂၃၅၄၁)မှဂရန်မူရင်းတင်ပြ၍အရောင်းမြေပုံ ကူးလျှောက်ထားလာရာတွင်လျှောက်ထားမြေ၏မြေစာရင်းရှိ၂၀၀၈ခုနှစ်တွင် ဦးဆန်းကိုလွင်မှစွန့်လွှတ်မြေပုံကူးလျှောက်ထားသည့်မှတ်ချက်နှင့်ပတ်သက်ပြီး ဝင်စာအမှတ်–၁၄၀၈၉(၁၇–၁၁–၂၀၂၃)ဖြင့်အဆိုပါစွန့်လွှတ်မြေပုံထုတ်ယူ ခြင်းမရှိခဲ့ကြောင်းရှင်းလင်းတင်ပြလာပါသဖြင့်အဆိုပါအရောင်းမြေပုံကူး လျှောက်ထားခဲ့ခြင်းအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့် ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဥတုရာသီ တောကိုမှီ၏

## “အများသိစေရန် ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၁)ရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၅၆၅/ခ) ဟုခေါ်တွင်သော (၂၀ ပေ x ၆၀ ပေ) အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦနှင့် မြေပိုပါ အိမ်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ပါ ဒေါ်စန်းငွေးအမည်ပေါက် မြေချပါမစ် တို့ကို အဆက်ဆက်စာချုပ်တို့ဖြင့် ဝယ်ယူထားသူ ဒေါ်နှင်းပန်းခိုင် [၁၂/ ဒဂတ(နိုင်)၀၁၇၇၆၀] (ဘ) ဦးဟန်သိမ်းကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးထွန်း [၁၂/သဃက(နိုင်)၁၅၂၀၃] (ဘ) ဦးလှကြည် ကိုင်ဆောင် သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်၊ ဆိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားများနှင့် အတူ ဤသတင်းစာကြေညာသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါအိမ်မြေအား အပြီးသတ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ အမည် ပေါက် ဂရန်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးထွန်း၏ လွှဲအပ်ညွှန်ကြားချက်များအရ–**

**ဒေါ်အိရွှေစင် (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၅၂၇၂/ ၂၇–၁၂–၂၀၁၈)**

**အမှတ်–၅၈(B–4)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွန့်ရပ်ကွက်၊**

**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၇၆၉၂၄**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာ လမ်း၊ အမှတ်(၈၁)၊ ၄–လွှာ၊ (ခြေရင်းခန်း)၊ (၁၅' x ၆၀')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များအရ ဝယ်ယူ ပိုင်ဆိုင်လက်ရှိဖြစ်ကာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပန်း အိအိစံ [၁၂/လမန(နိုင်)၁၃၂၅၁၈] ထံမှ (၁၄–၃–၂၀၂၄)ရက်စွဲပါ **“တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”** အရ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်း [၁၁/ဂမန(နိုင်)၀၁၇၀၄၄] သည် တရားဝင်ဝယ်ယူပိုင်ဆိုင်ကာ စီမံခန့်ခွဲပိုင်ခွင့်နှင့်တကွ အဆိုပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ရောက်ရရှိ ပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ကေကျော်ကိုကို (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၇၀/၂၀၂၃)**

**အမှတ်(၂၈)၊ ဓမ္မဒါနလမ်း၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၃၄၆၀၅၄၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀ (က)+ (ခ)၊ ကမာရွတ်၊ မြေကွက်အမှတ်(၁၀၁၈)၊ ဧရိယာ ၂၅ ပေ x ၅၈ ပေရှိ မြေကွက်ပေါ် တွင် ဆောက်လုပ်ပြီးစီးသော (၂)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အဦ၏ လက်ဝဲ ဘက်ခြမ်း၊ မြေညီထပ်(မြေညီလွှာ ဝဲဘက်အခန်း) အကျယ်အဝန်း ( ၁၂½ ပေ x ၅၄ ပေ) တိုက်ခန်း၊ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီးသီး မီးချောင်း များနှင့် ဝါယာလိုင်းများအပါအဝင် တိုက်ခန်းအတွင်းနှင့် တိုက်ခန်းပြင်ပတိုက်ခန်းနှင့် စပ်ဆိုင်သော တပ်ဆင်ထားသည့်ပစ္စည်းများအားလုံး စသည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် မြေပိုင်ရှင် ဒေါ်ပု (အမျိုးသားမှတ်ပုံတင်အမှတ်–EI 011480) ကိုင်ဆောင်သူဖြစ်သော ပါရမီလမ်း၊ တိုက်အမှတ် (၉) ၏ ဝဲဘက်ခြေရင်း နောက်ဖေး မြေပိုအလျား (၁၅) ပေ x အနံ (၁၂) ပေ၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက် ၍ တို့ကို ဦးသန်းဇော်ဦး(အဖ–ဦးလှရွှေ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ လမန(နိုင်)၀၀၂၁၂၀] မှ လက်ဝယ်ရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းအဆို ပြု၍ ရောင်းချရန်ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပိုးနှင်းဖြူ [၁၃/ ကခန (နိုင်)၀၆၅၉၁၅] မှ ဝယ်ယူရန် သဘောတူသည့်အတွက် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးစာချုပ်ကို ( ၆–၃–၂၀၂၄) နေ့တွင် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုသူရှိလျှင် ဤကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**အဲလ်ဘတ်ဇော်မင်း တရားလွှတ်တော်ရှေ့နေ (၅၈၆၁/၉–၂–၁၉၉၂)**

**LL.B., P.M.G 2nd Class, GMDSS G.O.C (U.K), MPA.,**

**DL 101 & 201 (Distinction), DL 450 (WIPO)**

**Ph:09–5163484, 09–795433058**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ မော်ကန်(၁၀) လမ်း၊ အမှတ်(၅၁)နေ ဦးကျော်ထွန်း(ဘ)ဦးဘို မှတ်ပုံတင်နံပါတ် [၇/ ပခန(နိုင်)၀၈၆၇၅၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ် သည်မှာ–

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်း/တောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၇၇)၊ ကွင်းအမှတ်(၄/A)၊ ကွင်းအမှတ်(ဇိုင်းဂနိုင်းအရပ်)၊ ဦးပိုင် အမှတ်(၂၀၁)၊ မြေဧရိယာ(၀.၈၅)ကေအကျယ်အဝန်းရှိ ဦးမြသောင်း အမည်ပေါက် ဘိုးဘွားပိုင်မြေအမျိုးအစား၊ ခြံမြေကွက်နှင့် ၎င်းခြံ မြေကွက်ပေါ်ရှိ အမှတ် (၃၇၇)ဟုခေါ်တွင်သော အဆောက်အဦနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြု သည့် ဒေါ်ချိုနွယ်ဦး(ဘ)ဦးစိုးမြင့် [၇/ဒဥန(နိုင်)၁၅၂၂၉၈]၊ ဦးငြိမ်းသူဟန် (ဘ)ဦးသန်းဟန် [၇/ပခန(နိုင်)၁၂၁၆၅၅] တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ထွန်း [၇/ပခန(နိုင်)၁၈၆၇၅၀] ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးရှိပါ၍ ဤကြေညာပါသည့်နေ့ ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ဇင်ဦး (LL.B)**

**အထက်တန်းရှေ့နေ (စဉ် ၃၆၂၉၉/၁၈–၁–၂၀၁၁)**

**အမှတ်(၁၆၆/က)၊ မွန်စံပြ(၁)လမ်း၊ ဟသ်ာကုန်း(၁၉)ရပ်ကွက်၊**

**ပဲခူးမြို့။ ဖုန်း–၀၉–၄၂၈၁၁၉၂၆၁**

## "အစည်းအဝေးအကြောင်းကြားစာ"

( မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(င)(၂)အရ )

**THE EXCHANGE HUB COMPANY LIMITED** သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည် –

အစည်းအဝေးကျင်းပမည့်နေ့ရက် ။ ။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ( ၄ )ရက်။
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက်(၉း၀၀)နာရီ
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ အမှတ်-(၄/အေ)၊ ၄-လွှာ၊ ခပေါင်းကွန်ဒို၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**THE EXCHANGE HUB COMPANY LIMITED**
**Ph: 09-793109645 Email: Kaunghtetaung.charles94@gmail.com**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၄

**ရွှေသဇင်ကုမ္ပဏီလီမိတက်** နှင့်
**(ယခင် – ရွှေသဇင်ဆင်ဒီကိတ်လီမိတက်)**
(၎င်းကိုယ်စား မန်နေဂျာဦးကျော်ဇင်လတ်)
**(တရားလို)**

၁။ ဒေါ်ဟဲလ်ဆူလ်တာနာ (ခ) ဒေါ်လှလှ ၂။ **ဒေါ်မယ်ဂျဘီ** ၃။ **ဇူဘဲရ်ခန်း** ၄။ **အီလီယားစ်ခန်း** ၅။ **နီလိုဖရ်ခန်း** ၆။ **ရီတာနာဆဲရ်ရီး** ၇။ **ကောက်စရ်အဲခဲစ်ဟာရီ** ၈။ **မဟာရ်အစ်ရီးစ်မက်ဆူလ်** ၉။ **သတ် (စ်) နီးမ်ကုဒ်ရဟ်** ၁၀။ **ကဲဟ်ကရှန်းဝါးစ်သီး** ၁၁။ **ဂျလာလ်မဆီးသီး** ၁၂။ **ဇမာန်မဆီးသီး** ၁၃။ **ဖီလေဟိုမာသာအာသာ** ၁၄။ **နယ်ရရ်ခန်း** ၁၅။ **မုဟာမ္မဘီးလာလ်မဆီးသီး** ၁၆။ **ဒေါက်တာဆဖီရာခန်း** ၁၇။ **အမ်ဖရီးဒ်ခန်** ၁၈။ **အမ်အလီခန်း** ၁၉။ **အမ်အက်မလ်ခန်** ၂၀။ **အယွတ်** ၂၁။ **အီဆွတ်** ၂၂။ **ဆာရာ** ၂၃။ ဦးဟန်ထွန်း
**(တရားပြိုင်များ)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ ဒုတိယထပ်၊ အမှတ်–၁၈၇ နေ **အမှတ် (၂) မှ (၂၂)အထိ တရားပြိုင်များ** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုက "ယခင်ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်–၁၀/၁၉၉၃ တွင် ချမှတ်သော၊ အပြီးသတ်ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" စွဲဆိုသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်၊ တရားလွှတ်တော်ရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းတရားလွှတ်တော်ရှေ့နေနှင့်လာ၍ဖြစ် စေ၊ ၂၀၂၄ ခုနှစ်၊ မတ် လ (၂၆) ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီ တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန်၊ ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ – အထက်ဆိုခဲ့သည့်ရက်နေ့တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်၊ တရားလွှတ်တော်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ် လ ( ၁၄ ) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅ ၊ နည်းဥပဒေ–၁ နှင့်၅)
### ပျဉ်းမနားခရိုင်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁၉

ကမ္ဘာ့ရတနာဘဏ်လီမိတက် (အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)
(၎င်းကိုယ်စားဦးအောင်သန်းဦး၊ ဒုတိယအထွေထွေမန်နေဂျာ)
(တရားလို)

နှင့် Myanmar First Way International Co.,Ltd
(၎င်းကိုယ်စား)
ဦးစည်သူဝင်း (ဒါရိုက်တာ)
( တရားပြိုင်)

**Myanmar First Way International Co.,Ltd (၎င်းကိုယ်စား)ဦးစည်သူဝင်း(ဒါရိုက်တာ) ၊ အမှတ်(၅/၃)၊ ယောက်သွားအင်းရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူ) နေသူသိစေရမည်။**

သင့်အပေါ်၌တရားလိုက " **(၃၁–၁၀–၂၀၂၃) ရက်နေ့အထိ ချေးငွေနှင့် အတိုး စုစုပေါင်း ငွေ (၁၂၈၇၇၀၀၀၀) ကျပ်တိတိရလိုမှု**" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်နေ့)** နေ့မွန်း မတည့်မီ (၁၀:၀၀) နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့**တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်လေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခန့်ထက်နိုင်[၁၄/ဟကက(နိုင်)၀၂၇၇၄၈]၏ နိုင်ငံကူးလက်မှတ် MG 741783 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၇၆၁၆၆၄၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနီနီဝင်း[၇/နတလ(နိုင်)၀၃၈၄၂၀]နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၂၀၇၃၈၁၄**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း အငှားပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
**09 422 848 224**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅ (ကံဘဲ့)၊ မြေကွက်အမှတ် – ၈၇/ည–၂ ၊ ဧရိယာ(၀.၁၆၀)ဧက၊ အကျယ်အဝန်းအားဖြင့် (၇၀ ပေ x ၁၀၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆)၊ သီရိရတနာလမ်း၊ ၁၆–ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများ ဖြစ်သော ဒေါ်နွယ်နီဝင်း [၁၃/တကန(နိုင်)၁၃၇၇၅၄] + (၃)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူမည် ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၀၆၀၇**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းသွယ်၊ အမှတ် ၅/၁၇၆၊ (၂၀ x ၆၀) ပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ယဉ်နွယ်အောင်မှ ဆက်စပ်စာချုပ်များဖြင့် အဆင့်ဆင့်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်ခဲ့သောမြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်နွယ်အောင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ လွှဲပြောင်းရောင်းချခြင်းနှင့် အခြားစီမံမှု ကိစ္စအရပ်ရပ်တို့ကိုပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်နွယ်အောင် [၁၂/ဒလန(နိုင်)၀၅၃၄၂၂] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုမြတ်စန္ဒီ ( LL.B , D.B.L )**
**အထက်တန်းရှေ့နေ(စဉ်–၄၉၆၅၂)**
**အမှတ်–၁၇၇၊ သုတ–၆လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၃၀၆၃၁၊ ၀၉–၇၈၈၈၁၁၈၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)၊ လူနေရပ်ကွက်အမှတ်(၅)၊ ရွှေရိုးနွယ်လမ်း၊ မြေကွက်အမှတ်(၃၉၉)၊ မြေအကျယ်အဝန်း (၃၀'x၅၀')၊ ဦးကျော်သာ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်အုန်းကြည် [၁၂/ထတပ(နိုင်)၀၂၀၅၁၂] ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်မိုးသန္တာလင်း[၁၂/ကမရ(နိုင်)၀၁၀၅၉၀]မှ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး (၁၄)ရက် အတွင်း ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးသန္တာလင်း**
**ဖုန်း– ၀၉–၅၁၀၇၆၄၅**
**၀၉–၄၃၁၀၅၄၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၁၂)လမ်း၊ အမှတ် (၁၃၄၂)နေ ဒေါ်လှဲ့လှဲ့ဝင်း (ဘ)ဦးတင်[၇/ပခန(နိုင်)၂၃၀၃၉၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ –

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၂၂)လမ်းတွင် တည်ရှိသော အမှတ်(၁၉၆၅/ခ)ဟု ခေါ်တွင်သည့် (၂၈x၆၀)ပေရှိသော အောက်ခံမြေကွက်နှင့် ယင်းအောက်ခံ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက် နေအိမ်အဆောက်အဦ (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဝင်းကြိုင်(ဘ)ဦးသိန်း [၇/ပတန(နိုင်)၀၈၃၇၄၉]နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြင့်သိန်း(ဘ)ဦးတင် [၇/ဝမန(နိုင်)၀၃၄၁၀၃] တို့မှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် အိမ်နှင့် ခြံမြေကွက်တန်ဖိုး၏ ငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အိမ်နှင့်ခြံမြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဇင်ဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၃၆၂၉၉/၁၈–၁–၂၀၁၁)**
**Ph:09–428119261,09–693993938**
**အမှတ်(၁၆၆/က)၊ မွန်စံပြ(၁)လမ်း၊ ဟသ်ာကုန်း(၁၉)ရပ်ကွက်၊ ပဲခူးမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဖေယျာသုခလမ်း၊ အမှတ်(၁၁၆၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏(ပဥ္စမထပ်)၊ (၆လွှာ–A)ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(အလျား၁၅ပေ x အနံ၅၅ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်နွဲ့အေးလွင် [၁၂/ကတတ(နိုင်)၀၀၂၀၂၉]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းကာ ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို တိုက်ခန်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၇၇၄၉၈**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ (၄)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၀၉)တွင်နေထိုင်သူ–ဦးနှင်းဦးအောင် [၁၂/မဂဒ(နိုင်)၁၃၃၄၂၁]သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် အမှတ်(၄/၂၀၇၅) (၂၇–၂– ၂၀၂၄)ဖြင့် မှတ်ပုံတင်သွင်းထားသော ကုန်အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်–

HEIN
အဆင့်မြင့်
အချောကိုင်ပေါင်ဒါ (ကျောက်မှုန့်)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အဆင့်မြင့်အချောကိုင်ပေါင်ဒါ (ကျောက်မှုန့်)ကို ထုပ်ပိုးမှု ပုံစံအမျိုးမျိုးဖြင့် ၎င်းတို့နှင့်ဆက်စပ်သည့် အိတ်ခွံ၊ ဂျပ်ဖာအမျိုးမျိုးတွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ တွယ်ကပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်းတုပသုံးစွဲခြင်း၊ ဆင်တူယိုးမှားသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူပြုလုပ်၍ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ မှိုင်းမြင်းတုပသုံးစွဲကြောင်း တွေ့ရှိပါက မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသိန်းမင်းဦး** | **ဒေါ်ပြည့်သဉ္ဇာဌေး** |
| **(LL.B, WIPO–Switzerland)** | **(LL.B, WIPO–Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)** |

**အမှတ်(၁၀)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၄၄၇၀၆၅၁၊ ၀၉–၄၄၄၄၆၄၄၅၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄) ရပ်ကွက်၊ (၃)လမ်း(အေ)၊ တိုက်(၁)၊ အခန်း(၂၀၂) နေ ဦးမျိုးမျိုးခိုင် + ဒေါ်မျိုးမျိုးသက်တို့၏သား မောင်ဇင်မျိုးခန့် [၁၂/ဥကတ(နိုင်)၂၀၂၆၂၀] သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမျိုးခိုင် [၁၂/ဥကတ(နိုင်)၁၅၇၇၇၆]**
**ဒေါ်မျိုးမျိုးသက် [၁၂/ဗဟန(နိုင်)၀၁၆၉၆၉]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ (၃) ရပ်ကွက်၊ ဂန္ဓမာလမ်း ၊ မြေတိုင်းရပ်ကွက်အမှတ် – ၃/ဝေဘာဂီ ၊ မြေကွက်အမှတ် – ၂၀၅ ၊ ဧရိယာ (၁ ၅ ၀ ၀) စတုရန်းပေ ရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်သူ [၁၂/ရပသ(နိုင်)၀၇၈၆၉၄] နှင့် ဒေါ်ယဉ်ယဉ်မော် [၁၂/ဥကတ (နိုင်) ၂၀၅၁၀၂] တို့ထံမှ ဦးသက်ပိုင်ဦး [၁၂ / ကမတ(နိုင်)၀၆၃၁၅၀] နှင့် ဇနီး ဒေါ်အေးအေးသန်း [၁၂/ဥကမ(နိုင်)၂၂၆၉၈]တို့က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေနှင့်အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ကြည် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၁၁၈ / ၃၀–၁၁–၉၄ )**
**ဖုန်း–၀၉–၅၄၀၁၂၅၀**

| | |
|---|---|
| **ရုံး– အမှတ်– ၆၂ ၊ အခန်း ( ၉ ) ၊** | **အိမ်–အမှတ်–၂၁၀ ၊ အောင်သပြေလမ်း၊** |
| **ပထမထပ် ၊ ပန်းဆိုးတန်းလမ်း၊** | **( ၂ ) ရပ်ကွက် ၊ ပုလဲမြို့သစ် ၊** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်မြို့။** |

## တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၈)လမ်း၊ အမှတ်(၂၁)၊ ဖလွှာ(ခြေရင်းခန်း)ဟုခေါ်တွင်သော (အလျား ၁၂ပေခွဲx အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနိုင်အောင်မိုး (ကန်ထရိုက်တာ) [၇/သနပ(နိုင်)၀၀၀၁၁၆]မှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဟန်နီ[၁၂/ဒဂမ(နိုင်)၀၂၅၉၈၂]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆင့်ဆင့်ဦး(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၂၉၉)**
**အမှတ်(၅၁)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၃၀၈၅၆၊ ၀၉–၇၉၆၈၁၄၅၁၁**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၄၁၊ နည်းဥပဒေ– ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၇၂

AA Medical Products Limited နှင့် ဦးဇော်မင်းလတ်
(၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ– **"121"** ဆေးဆိုင်ပိုင်ရှင်
မန်နေဂျာ ဦးကျော်ကျော်စိုး)

**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၃၃/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်– (၁၈၇)၊ (၅–လွှာ) နေ အယူခံတရားပြိုင် ဦးဇော်မင်းလတ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၅)ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၆)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၄၁၊ နည်းဥပဒေ– ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၇၃

Success & Success International Limited နှင့် ဦးဇော်မင်းလတ်
(၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ– **"121"**ဆေးဆိုင်ပိုင်ရှင်
မန်နေဂျာဦးကျော်ကျော်စိုး)

**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်– ၃၇၂/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈) လမ်း၊ အမှတ် (၁၈၇)၊ (၅–လွှာ)နေ အယူခံတရားပြိုင် ဦးဇော်မင်းလတ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၅)ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၆)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရှုခင်းသာ၊ မြေကွက်အမှတ်–၃၃၉၊ ဧရိယာ(၂၅'x၅၀')၊ မြေကွက်တည်နေရာ အမှတ်–၃၃၉၊ ရှုခင်းသာမြို့ပတ်လမ်း၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမျိုးသန့်[၁၂/သကတ(နိုင်)၀၄၈၁၈၀] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်အား အမည်ပေါက် ဦးမျိုးသန့်၊ ဒေါ်စန်းစန်းတို့အား တရားပြိုင်ထားကာ ဦးကြီးရွှေ(ခ) ဦးကြည်လွင်မှ တရားလိုပြုလုပ်၍ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမမူလအမှတ်–၆၁/၂၀၂၃ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၆–၅–၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်–၅၄/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၄–၈–၂၀၂၃)ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်နှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံးမှ (၇–၈–၂၀၂၃)ရက်စွဲပါ စာအမှတ်–၉၆၈/၅–၂/၂၀၂၃ ဖြင့် တရားရုံးကိုယ်စား ဘီလစ်အရာရှိ ဒေါ်ဖူးပွင့်ဇင်အား မြေပုံမြေရာဇဝင်ကူးယူခြင်း၊ မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းများ ဆောင်ရွက်ရန်ခန့်အပ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်ဖူးပွင့်ဇင် [၁၂/ဥကတ(နိုင်)၁၉၆၃၀၁] မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ မြိတ်လမ်း၊ မြေကွက်အမှတ်(၄၅၃)ဟု ခေါ်တွင်သော မြေအကျယ်ပေ(၂၀x၄၀)အကျယ်အဝန်းရှိ ဦးမျိုးညွန့် (AA–၀၀၃၇၀၆) အမည်ပေါက်မြေချပါမစ်ကို ယခုလက်ရှိ ဒေါ်ဝင်းဝင်းတင် [၁၂/ဒဂတ(နိုင်)၀၁၄၀၃၇]၊ ဦးနွေဦး [၉/မလန(နိုင်)၀၈၃၁၉၅] တို့နှစ်ဦးမှ ၎င်းတို့ပိုင်ဆိုင်သောအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါအိမ်ခြံမြေအား အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်စန္ဒာရှင်**
**အထက်တန်းရှေ့နေ(စဉ် –၂၅၆၈၉ )**
**အမှတ်–၅၄၁/က၊ ဥယျာဉ်လမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၂၀၀၅၇၁၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က + ဂ)ရပ်ကွက်၊ (၁၆၀)လမ်း၊ တိုက်အမှတ်–(၁၀)၊ (၃– လွှာ/ B)/(ခြေရင်းခန်း)ဟု ခေါ်တွင်သော (အလျား ၁၃– ပေxအနံ ၅၀– ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေမင်းကိုကိုမောင် [၉/အမဇ(နိုင်) ၀၂၄၅၁၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုမော် [၇/တငန(နိုင်) ၁၅၀၁၃၈] က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊**
**နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၃၀၂၃၁၃၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂

ဦးညီမင်းထက် နှင့် ဦးစိုးမြတ်သူ (ခ) မြတ်သူ
**တရားလို** **တရားပြိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ကိုယ်ပိုင်လမ်း၊ အမှတ် (၃၇)နေ တရားပြိုင် ဦးစိုးမြတ်သူ(ခ)မြတ်သူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကူအညီပေးခဲ့သောငွေကျပ် (၇၈၄၇၅၀၀၀၀) (ကျပ်ခုနစ်ထောင့်ရှစ်ရာ လေးဆယ့်ခုနစ်သိန်း ငါးသောင်းတိတိ)နှင့် နစ်နာကြေးငွေကျပ် (၅၀၀၀၀၀၀၀) (ကျပ်သိန်းငါးရာတိတိ)၊ စုစုပေါင်းငွေကျပ် (၈၃၄၇၅၀၀၀၀) (ကျပ်ရှစ်ထောင့်သုံးရာလေးဆယ့်ခုနစ်သိန်း ငါးသောင်းတိတိ ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ မတ်လ (၂၂)ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်)**နေ့ မွန်းမတည့်မီ နံနက် (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁)**စာရွက်စာတမ်းများ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ မတ်လ (၁၁)ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အလုံခရိုင်တရားရုံး**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ပြည်တော်သာ (၁၀)လမ်းနေ ဦးဇော်နိုင်၏သမီး အမည်မှန်မှာ မပန်းအိဖြူ [၁၂/လကန (နိုင်) ၂၀၈၈၇၅]ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၅–၁–၁၉၉၅) ဖြစ်ပါကြောင်း။

**မပန်းအိဖြူ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၃၂/B၊ မြေကွက်အမှတ်– ၉၁၊ ဧရိယာ (၀.၄၅၉)ဧက၊ မြေကွက်တည်နေရာ– အမှတ် (၉၁)၊ မြိတ်လေးလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်၊ (၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးသိန်းထွန်း [၁၂/ဗဟန(နိုင်)၀၇၈၁၀၄] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း [၁၂/ဗဟန (နိုင်) ၀၇၈၁၀၄]သည် (၁၈–၄–၂၀၂၂) ရက်နေ့တွင်လည်းကောင်း၊ ဇနီး ဒေါ်နယ်လီသန်း [၁၂/ဗဟန(နိုင်)၀၇၅၅၆၈] သည် (၁၈–၂–၁၉၉၃)ရက်နေ့တွင် လည်းကောင်း၊ သားသမီး (၄) ဦးတွင် သားအကြီးဖြစ်သူ ဦးမျိုးဇော်ထွန်းသည် ဖခင် ဦးသိန်းထွန်း မကွယ်လွန်မီ (၂၂–၈–၁၉၉၆)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်ခဲ့၍ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အေးမြတ်မွန်ထွန်း [၁၀/ဘလန(နိုင်) ၀၉၁၉၄၇]မှ အမွေမမီ မြေးအဖြစ် ကျန်ရှိခဲ့ကြောင်း၊ ကျန်သားသမီးများဖြစ်သည့် ဦးသန့်ဇင်ထွန်း [၁၂/ဗဟန (နိုင်)၀၇၈၁၀၅]၊ ဒေါ်မာမာထွန်း [၁၂/ဗဟန(နိုင်)၀၈၃၈၇၆]၊ ဦးဦးထွန်း [၁၂/ဗဟန(နိုင်)၀၈၅၉၄၅]တို့နှင့် ပူးတွဲ၍ အမည်ပေါက်၏ သားသမီး/အမွေမမီမြေးများဖြစ်ကြောင်း၊ အခြား ကိတ္တိမမွေးစားသားသမီး၊ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ ကျန်ခဲ့ခြင်းမရှိကြောင်း ၎င်းတို့မှလွဲ၍ အခြားဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်– ၁/၄၃၈/၂၀၂၄ (၉–၁–၂၀၂၄)၊ အသိသက်သေ (၂)ဦး၏ ကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၉၀

Kinetic Strength Engineering Group Co.,Ltd (၎င်း၏ ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးကျော်စော) နှင့် ဦးမင်းကျော်

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ ရဲရန်အောင်နှင့် ရဲကျော်သူလမ်းထောင့်၊ အမှတ်– ၁၆၁နေ တရားပြိုင် ဦးမင်းကျော် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **ကိုယ်ကျိုးအတွက်အလွဲသုံးထားသော ငွေကျပ် ၃၈,၀၀၀,၀၀၀/– နှင့် နစ်နာကြေး ငွေကျပ် ၂၀,၀၀၀,၀၀၀/– စုစုပေါင်း ငွေကျပ် ၅၈,၀၀၀,၀၀၀/– (ကျပ်သိန်းငါးရာ့ရှစ်ဆယ်တိတိ)ရလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၁၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး( ၅)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် (၂၃၅)၊ မြေကွက်တည်နေရာအမှတ်–၂၃၅၊ ဇေယျာနဒီလမ်း၊ ၃၁–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးမြသန်း(AF–၀၄၈၉၉၈) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် ဦးမြသန်း(AF–၀၄၈၉၉၈) [၁၂/စခန (နိုင်) ၀၃၃၅၃၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်–၅၁၀၇/၂၀၂၃ (၁၆–၃– ၂၀၂၃)ဖြင့် ဦးအောင်မင်းစိုး [၉/မထလ(နိုင်)၂၆၁၈၄၈]မှ ရယူပြီး နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ်နှင့်ဆက်သွယ်ထားသည့် မှတ်ချက်နှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ ဘဏ်နှင့် သော်လည်းကောင်း၊ ဆက်သွယ်ထားခြင်း၊ ချေးငွေချေးယူထားခြင်း တစ်စုံတစ်ရာ မရှိပါကြောင်းနှင့် မည်သူ့ ကိုမျှရောင်းချ၊ ပေါင်နှံခဲ့ခြင်းမရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ပြန်လည်ရှင်းလင်းတင်ပြလာပါသဖြင့် ဦးမြသန်း ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်မင်းစိုးမှ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၅ ၊မြေကွက်အမှတ်–၁၇၄၊မြေကွက်တည်နေရာအမှတ်–၁၇၄၊ ရွှေနှင်းဆီ(၄)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးပါကြီး( DI–၀၂၃၃၆၅) အမည်ပေါက် နှစ်–၆၀ မြေငှားဂရန်မြေအား နှစ်–၆၀ ဂရန် အမည်ပေါက်ဦးပါကြီး(ဖခင်) ဖြစ်သူသည် ၂၁–၇–၁၉၉၅ ရက်နေ့နှင့်မိခင်ဖြစ်သူ ဒေါ်ခင်မေသည် ၃–၆–၁၉၉၇ ရက်နေ့တွင်လည်းကောင်းကွယ်လွန်၍ သားသမီးများဖြစ်သော ဦးခင်မောင်ဦး [၁၂/မဂတ(နိုင်)၀၂၈၈၇၂]၊ ဒေါ်တင်တင်မာ [၁၂/မဂတ(နိုင်)၀၂၈၈၇၃]၊ ဒေါ်ချိုချိုမာ[၁၃/လရန(နိုင်)၀၇၀၀၄၅]၊ ဒေါ်ဥမ္မာ[၁၂/မဂတ(နိုင်)၀၂၈၈၇၄] တို့မှ ၎င်းတို့မှလွဲ၍ အခြားအမွေစား အမွေခံကိတ္တိမသားသမီးများလည်း မရှိကြောင်း၊ ၎င်းတို့(၄)ဦးကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ–၁၇၄၅/၂၀၂၄(၁၈–၁–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်ဖခင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်–၆၀ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်တွင် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၁)ထပ်၊သွပ်မိုးပျဉ်ကာ(၁)လုံးရှိ၍ ကိုယ်တိုင်နေထိုင်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးသိရှိကြောင်း လက်မှတ်ရေးထိုး တင်ပြ၍ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ အမှတ်(၂၀)မြေညီထပ်၊ အခန်းအမှတ် (B–1)၊ ဧရိယာ (၁၉ပေx၅၄ပေ) အကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းအခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီး/မီတာ/ရေမော်တာနှင့် နေထိုင်ခွင့် စာရွက်စာတမ်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်။

အဆိုပါတိုက်ခန်းကို အမှတ်(၂၄)၊ သံသုမာလမ်း ၊ ရန်ကုန်သစ်ရပ်ကွက် ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူ ဦးမျိုးတင့်အောင် [၃/ဘအန(နိုင်)၀၁၉၁၄၁] မှP.A.E စနစ်ဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ပိုင်ဆိုင်ထားသော အခန်းဖြစ်ကြောင်း ၊ ဦးမျိုးတင့်အောင်မှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝမရှိကြောင်း အရှုပ်အရှင်းကင်းရှင်းစွာဖြင့် မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်း [၁၂/ပဘတ(နိုင်) ၀၀၁၇၄၃]မှ အပြီးအပိုင်ဝယ်ယူရန် ဦးမျိုးတင့်အောင် [၃/ဘအန(နိုင်)၀၁၉၁၄၁] ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီဝင်း (အထက်တန်းရှေ့နေ) (စဉ်–၂၂၇၃၆)**
**အမှတ်(၁၄၆) ၊ မြေညီထပ် ၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၂၅၀၂၇၈၂၂၈**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့်
**ဌာနစုမှူး(အငြိမ်းစား)**
**မြန်မာ့ရေနံလုပ်ငန်း**
## အသက်(၇၃)နှစ်

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ စက်ရုံမှူး ဦးမျိုးနန္ဒ၏ဖခင်ဖြစ်သူ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ GEC အိမ်ရာ၊ C-8 တွင် နေထိုင်သူ ဦးမျိုးမြင့် အသက်(၇၃)နှစ်သည် ၁၄-၃-၂၀၂၄ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**စက်မှုဝန်ကြီးဌာန**

## ဒေါ်ခင်ခင်
**သိမ်ဒါယိကာမကြီး**
## အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၆-ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်-၉၈နေ(ဦးကျောက်-ဒေါ်ညွှာ)တို့၏သမီး၊ (ဦးစောဖေညွှန့်)၏ ဇနီး၊ ဦးဝင်းလတ်မြင့်၏မိခင် ဒေါ်ခင်ခင်သည် ၁၄-၃-၂၀၂၄(ကြာသပတေးနေ့)နံနက် ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၃)လမ်း၊ အမှတ်-(၁၃၁) တွင် နေထိုင်သူ ဦးသန်းထိုက်စိုး [၁၂/တကန(နိုင်)၀၀၁၃၄၀]နှင့်ဒေါ်ခင်ခင်ငြိမ်း [၁၂/အစန(နိုင်)၀၃၄၈၁၆] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မောင်လမင်းနောင် [၁၂/တကန(နိုင်)၂၂၅၇၈၇] သည် မိဘများ၏ ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ် ပြုလုပ်သည့်အတွက် ယနေ့မှစ၍ မွေးစားသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၇၄၇ )** | **(စဉ်-၁၃၉၂၄ )** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932,** |
| | **09-983837110** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ ယုဇန (၁) လမ်း၊ အမှတ် (၂၉၉/၂၃၀) နေ ဒေါ်စန်းစန်းအေး [၁၂/မရက(နိုင်) ၀၇၅၀၈၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ သုမိတ္တာ (၂၃) လမ်း၊ မြေကွက်အမှတ်-၉၁၄၊ အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၀ ပေ ) ရှိ မြေကွက်ပေါ်ရှိ PPK CONSTRUCTION CO.,LTD. မှ ဆောက်လုပ်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၊ ဒုတိယထပ်၊ (၃)လွှာ (ခေါင်းရင်းခန်း) တိုက်ခန်း အကျယ်အဝန်း (၁၂ x ၅၀) ပေရှိ တိုက်ခန်း (၁) ခန်းနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၄-၃-၂၀၂၄)ရက်နေ့၌ PPK CONSTRUCTION CO.,LTD. ၏ ကန်ထရိုက်တာ ဦးပြည့်ဖြိုးကျော် [၁၂/လမန(နိုင်)၁၆၈၇၈၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီပြီး ရောင်းဖိုးစရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော အထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကောင်းဉာဏ်လင်း (LL.B)** | **ဒေါ်လှိုင်ဝင်းထွဋ် (LL.B)(DBL)** |
| **(အထက်တန်းရှေ့နေ) (စဉ်-၅၃၀၄၉)** | **(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၇၆၇၉)** |

**အမှတ် - ၁၁/၁၁၀၊ ၈ မိုင် ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၇၇၄၃၊ ၀၉-၇၉၃၁၁၂၀၇၇**

### အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆/မြယမုံစမ်းရိပ်မြိုင်)၊ မြယမုံစမ်းရိပ်မြိုင်အိမ်ရာ၊ မြယမုံအိမ်ရာလမ်း၊ မြေကွက်အမှတ်(၁၃၇)တွင် Semi-Basement + (၂)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်သက်တမ်းပါ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ် ပါမစ်မြေအမည်ပေါက် ဒေါ်ခင်အေးနွယ် (၇/တငန(နိုင်)၀၆၆၄၀၆)မှ တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ပူးတွဲတင်ပြထားသော အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကိုအောင်အောင်ဦး(ခ)အောင်စွမ်းပြည့်
## အသက်(၃၉)နှစ်

(ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)၊ (ဦးမြလှိုင်)-ဒေါ်တင်ဆွေတို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အိမ်အမှတ် (၇၇)၊ ထင်းရှူးမြိုင်လမ်းနေ(ဦးကြည်ရှိန်)-ဒေါ်မြမြဆွေတို့၏သားကြီး၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့်၊ ဦးအေးကြူ-ဒေါ်စိန်စိန်ငွေး၊ ဒေါ်ဝေဝေမြင့်၊ (ဦးရဲမြင့်)-ဒေါ်ယဉ်ယဉ်နွဲ့တို့၏တူ၊ ကိုဟန်ထက်ရှိန်- မဝင့်ဝါစိုးမြင့်မောင်၊ မထက်အင်ကြင်းခိုင်၊ မောင်ဇော်ငြိမ်းချမ်းတို့၏အစ်ကို၊ မဝေနွယ်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းနဒီအောင်၏ဖခင် ကိုအောင်အောင်ဦး(ခ) အောင်စွမ်းပြည့်သည် ၁၅-၃-၂၀၂၄ရက် မွန်းလွဲ ၂:၂၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ၁၇-၃-၂၀၂၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၂၄ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်အောင်ဦး(ခ)အောင်စွမ်းပြည့်
## အသက်(၃၉)နှစ်

(ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)၊ (ဦးမြလှိုင်)-ဒေါ်တင်ဆွေတို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အိမ်အမှတ် (၇၇)၊ ထင်းရှူးမြိုင်လမ်းနေ(ဦးကြည်ရှိန်)-ဒေါ်မြမြဆွေတို့၏သားကြီး၊ ပခုက္ကူမြို့နေ ဦးမောင်မောင်စိုးလှိုင်-ဒေါ်ခင်ဝင်းရီ၊ ဦးမောင်မောင်မျိုးနိုင်-ဒေါ်သီသီထွန်း၊ ဒေါ်စုစုလှိုင်၊ ဦးထွန်းအောင်လှိုင်နှင့်ဇနီး၊ ဦးမင်းမင်းဦး-ဒေါ်နုနုလှိုင်၊ ဦးအောင်မိုးဆွေ-ဒေါ်သန္တာလှိုင်တို့၏တူ၊ ကိုဟန်ထက်ရှိန်- မဝင့်ဝါစိုးမြင့်မောင်၊ မထက်အင်ကြင်းခိုင်၊ မောင်ဇော်ငြိမ်းချမ်းတို့၏ အစ်ကို၊ မဝေနွယ်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းနဒီအောင်၏ဖခင် ကိုအောင်အောင်ဦး(ခ)အောင်စွမ်းပြည့်သည် ၁၅-၃-၂၀၂၄ရက် မွန်းလွဲ ၂:၂၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ၁၇-၃-၂၀၂၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၂၄ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

အဖ-ဦးသက်ထားဝေ၏သား ဦးကျော်သက်လူ [၁၂/လသန(နိုင်)၀၁၁၆၉၈]၊ အမှတ်(၁၆၀)၊ သုနန္ဒာလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ်(၁၆၀)ဟုခေါ်တွင်သောအကျယ်အဝန်း(၆၀x၈၀)ပေရှိ မြေနှင့် ၎င်းမြေပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ဦးကျော်သက်လူအမည်ပေါက် ဂရန်မူရင်းပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အမှတ်(၁၉၆) ပထပ်(ဝဲ)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်ရှိ အကျယ်အဝန်း(၁၂x၅၀)ပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်နှင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား မူရင်းများအားလုံးကို "အမွေကြိုတင်ပေးစာချုပ်" အရ ဇနီးဖြစ်သူ ဒေါ်ယဉ်ညိုချစ်နှင့်သမီးများဖြစ်သော မသက်စုယဉ်၊ မဝေဦးခင်တို့အားပေးအပ်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်သက်လူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး ( LL.B , D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၃၄၄၀၂)**
**အမှတ်( ၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်၂၆၇နှင့်ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၅

| | | |
|---|---|---|
| ဦးမြင့်ဆွေ | နှင့် | ဒေါ်စုစုငွေ |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊ အမှတ်- ၂၁၂၊ (ပထမထပ်) နေ တရားရှုံး ဒေါ်စုစုငွေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤ ရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီ လ ၁ ရက် ၊ ( ၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မတ် လ ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဲမို့မို့ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ကျောက်တံတားခရိုင်တရားရုံး**

## ဦးဘသွယ်
**မိုးကုတ်မြို့ လ.ဝ.က (ငြိမ်း)**
## အသက်(၉၄)နှစ်

မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ (ဒေါ်ဖြူဖြူစိန်)၏ခင်ပွန်း၊ ဒေါက်တာထွန်းထွန်းသွယ်-ဒေါ်မြတ်မိုမို၊ (ဦးမောင်စန်း)-ဒေါ်ယဉ်ယဉ်အေး(ဂျပန်)၊ ဦးအောင်နိုင်ဦး-(ဒေါ်ကြည်ကြည်မော်)၊ ဒေါက်တာသန်းဝင်း-ဒေါက်တာအေးအေးမွန်(မလေးရှား)၊ ဒေါ်သိင်္ဂီသွယ်တို့၏ မွေးဖခင်၊ ဒေါက်တာ အောင်ကြည်သာမင်း(ဂျပန်)၊ မမြတ်နိုးသွယ် @ Michiko Thwe (အမေရိကန်)၊ မမြတ်သီရိကြူကြူ (မလေးရှား)တို့၏အဘိုး ဦးဘသွယ်သည် ၁၄-၃-၂၀၂၄ရက် ညနေ ၆:၄၅ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်ကုန်း၊ နဝဒေးလမ်းနှင့်ရာဇသင်္ကြန်လမ်းထောင့်၊ အိမ်အမှတ်(၁၄၂)တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၄ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်(အဆောင်သစ်)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းကို အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၃-၂၀၂၄ ရက်တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)မာန်ပြေရပ်ကွက်၊ မာန်ပြေ(၈)လမ်းအရှေ့၊ အမှတ်(၃၅၇/က)ရှိ တိုက်၏ (တတိယထပ်)(၄-လွှာ)အကျယ်အဝန်း(အလျား ၁၈ပေx အနံ ၅၄ပေ)အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟုအဆိုပြုသူ **ဦးသွင်ကိုကိုထက် [၉/ညဥန(နိုင်)၁၈၃၁၄၂]၊ ဒေါ်ညိုညိုသင်း[၁၂/သကတ(နိုင်)၁၈၂၉၁၉]**တို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးရန်ပိုင်စိုး နှင့် ဒေါ်ကေဇင်လတ်**တို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးရန်ပိုင်စိုးနှင့် ဒေါ်ကေဇင်လတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L)** | **ဒေါ်ခင်ခင်ဆွေ [LL.B, WIPO (Switzerland)]** | **ဒေါ်အိအိပိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)** |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၇၀၂/အေ၊ မြေအကျယ်(၄၀ပေx၆၀ပေ)၊ ဧရိယာစတုရန်းပေ(၂၄၀၀)ရှိ ဒေါ်ဇာခြည်ဆွေ အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဇာခြည်ဆွေ [၁၂/မရက(နိုင်)၁၁၁၃၀၄]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကောင်းမြတ်သန်း [၁၂/ပဇတ(ပြု)၀၀၀၁၉၄]၊ ဒေါ်သီတာသန်း[၁၂/ပဇတ(ပြု)၀၀၀၁၉၂]၊ ဒေါ်ဇင်မာသန်း[၁၂/ပဇတ(ပြု)၀၀၀၁၉၃]တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းရည်ငွေး LL.B,D.B.L.,D.A(Psy) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၉၄/၂၀၁၃)**
**ဖုန်း-၀၉-၄၂၀၁၃၉၅၅၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(တ/၁၈၀)၊မြေအကျယ်အဝန်း(၄၀ပေx၁၀၀ပေ)၊ ဧရိယာ(၀.၀၉၂)ဧက၊ (၄၀၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်ထွန်းဆောင် [၇/ရကန(နိုင်)၀၀၀၀၀၉]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏ မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၁၂)လမ်း၊ အမှတ်(၃၅၃) ရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၅)ထပ်တိုက်၏တိုက်ခန်းများထဲမှ တတိယထပ် (၄-လွှာ/B)၊ ဧရိယာ ($12\frac{1}{2}$ x 50) ပေအကျယ်အဝန်းရှိ ရေ၊ မီးစုံ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်သီတာချို [၁၂/ဗဟန(နိုင်)၀၀၂၅၂၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ၁။ဦးကျော်ကျော် [၁၂/သကတ(နိုင်)၁၁၅၀၈၅]၊ ၂။ဒေါ်ခင်ခင်ဦး [၁၂/သကတ(နိုင်)၀၀၃၁၆၀]တို့က ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းတို့နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ငွေး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၂၀၁၅)(၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဇမ္ဗူသီရိအနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421181822**

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

## သင့် သွေး ဖြင့် အသက် ကယ် ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

# MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် VUC အသင်း နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲ

ရန်ကုန် မတ် ၁၅

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ Play-off ဗိုလ်လုပွဲ တတိယပွဲစဉ်ကို မတ် ၁၅ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ VUC အသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲ တတိယပွဲစဉ်တွင် VUC အသင်းက MIU အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ ဗိုလ်လုပွဲကို သုံးပွဲအထိ ကစားခဲ့ရပြီး တစ်ပွဲစီအနိုင်ရထားသဖြင့် ယခုနောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာပြီး VUC အသင်းက ထပ်မံအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ VUC အသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေပြီး ၁၀ မိနစ်တွင် နိုင်လင်းထွန်းကျော်၊ ၁၆ မိနစ်တွင် အောင်ဇင်ဦးတို့က ဂိုးများသွင်းယူခဲ့သည်။ ပထမပိုင်းတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✻




VUC အသင်း အားကစားသမားများ အောင်ပွဲခံနေစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၅

| | | |
|---|---|---|
| ချောက် | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၉ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ

ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး
ဆောင်းပါး စာမျက်နှာ » ၆

ရုရှားနိုင်ငံက ပထမဆုံးအမြန်ရထားလမ်း စတင်တည်ဆောက်နေ
စာမျက်နှာ » ၁၃

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦးနှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦးရှိ
စာမျက်နှာ » ၁၄


မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ
စာမျက်နှာ » ၁၈

## စပါတာပရက်ကို အနိုင်ရပြီး လီဗာပူးအသင်း ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့် တက်လှမ်း

လီဗာပူးအသင်းနဲ့ စပါတာပရက်အသင်းတို့ မတ် ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ လီဗာပူးအသင်းက ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ၁၁ ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ကာ ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ စပါတာပရက်အသင်းတို့ရဲ့ (၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ခုနစ်မိနစ်မှာ နူနက်ဇ်ကတစ်ဂိုး၊ ရှစ်မိနစ်မှာ ကလာ့ခ်ကတစ်ဂိုး၊ ၁၀ မိနစ်မှာ မိုဟာဆက်ဆာလာကတစ်ဂိုး၊ ၁၄ မိနစ်နဲ့

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✫



လီဗာပူးအသင်းနှင့် စပါတာပရက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။